THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT OF THE UNION



၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ


ပြည်ထောင်စုတရားလွှတ်တော်မှုခ်
သီလ
သမာဓိ
ပညာ



၂၀၂၁ ခုနှစ်

တရားရုံးနှစ်စဉ်အစီရင်ခံစာ

သင်သိပါသလား။

တစ်နိုင်ငံလုံးတရားရုံးစုစုပေါင်း ၄၄၂ ရုံး





တစ်နိုင်ငံလုံးတရားသူကြီး/
တရားရေးအရာရှိ စုစုပေါင်း ၁၂၇၀ ဦး



တစ်နိုင်ငံလုံး အမှုပြီးပြတ်မှုနှုန်း ၁၁၄%



တိုင်ကြားစာ ၈၂၅ စောင်အနက် ၈၁၅
စောင်အား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး
၁၀ စောင်အား စိစစ်ဆဲဖြစ်




ပြည်တွင်း/ပြည်ပတက္ကသိုလ်များ၌
တရားသူကြီး/တရားရေးအရာရှိ
၁၀ ဦး ဘွဲ့လွန်သင်တန်းများ
တက်ရောက်လျက်ရှိ

NCMP

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု
အစီအစဉ်တရားရုံး
၁၀၅ ရုံးချဲ့ထွင်နိုင်ခဲ့



ရုံးခွန် ကျပ်သန်း ၁၃၀၀ ကျော်နှင့်
ဒဏ်ငွေကျပ်သန်း ၄၀၀၀ ကျော်
ကောက်ခံရရှိခဲ့



အကျဉ်းထောင်၊ ရဲဘက်စခန်းနှင့်
အချုပ်ခန်း ၂၃၉ ခုသို့
သွားရောက်စစ်ဆေးခဲ့

အလုပ်သင်ရှေ့နေ ၃၀၈ ဦးအား
စာရင်းတင်သွင်းခွင့်ပြု
အထက်တန်းရှေ့နေ ၅၀၅ ဦးနှင့်
တရားလွှတ်တော်ရှေ့နေ ၈၆၆ ဦး အား
ရှေ့နေလိုင်စင်အပ်နှင်းခဲ့
ဗီဒီယိုကွန်ဖရင့်ဖြင့် ၈၆၆ ဦးအား
တရားလွှတ်တော်ရှေ့နေလိုင်စင်
အပ်နှင်းခဲ့



ဗီဒီယို ကွန်ဖရင့်ဖြင့်ပြုလုပ်သည့် ပြည်တွင်း/
ပြည်ပညီလာခံ သင်တန်း၊
ဆွေးနွေးပွဲ၊အလုပ်ရုံဆွေးနွေးပွဲ ၃၂ ခုသို့
တရားသူကြီး/တရားရေးအရာရှိ ၇၅၈ ဦး၊
တရားရုံးဝန်ထမ်း ၂၂၉ ဦး
တက်ရောက်ခဲ့

စေ့စပ်ဖြေရှင်းရေး
ဌာနအသီးသီးတွင်
စေ့စပ်ဖြေရှင်းရေး
ဆောင်ရွက်သော
အမှုစုစုပေါင်း ၁၁၈၉ မှု
အောင်မြင်မှုရာခိုင်နှုန်း
၂၈.၁%

မာတိကာ

ပြည်ထောင်စုတရားသူကြီးချုပ်၏ ဥယျောဧဉ် ၈
ရည်မှန်းချက် ၁၀
လုပ်ငန်းတာဝန်များ ၁၀
တရားရုံး၏တန်ဖိုးများ ၁၀
တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ရည်ရွယ်ချက် ၁၁

အပိုင်း (၁)

တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှု ၁၂

တရားစီရင်ရေးဆိုင်ရာအခြေခံမူများ ၁၂
ဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ ၁၂
တရားရုံးဖွဲ့စည်းပုံ ၁၂
မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်ကာလမှစ၍ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သည့် တရားသူကြီးချုပ်များ ၁၄
ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ၁၇

တရားရုံးအဆင့်ဆင့် ၁၈
- ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၁၈
- တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ၂၀
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး ၂၃
- မြို့နယ်တရားရုံး ၂၅
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ ၂၆

တရားရုံးစီမံခန့်ခွဲမှု ၂၇
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ ၂၇
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ ၂၈
  - ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ၂၈
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ၂၉
  - ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ၂၉
- ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ၃၀
  - ပြည်ထောင်စုဥပဒေအထောက်အကူပေးရေးအဖွဲ့သို့ဘဏ္ဍာငွေခွဲဝေပေးခြင်း ၃၂

အပိုင်း (၂)

၂၀၂၁ ခုနှစ်အတွင်းပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကြိုးပမ်းဆောင်ရွက်မှုများ ၃၃

ကိုဗစ်-၁၉ ကာလအတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို နည်းပညာအသုံးပြုတိုးမြှင့်ဆောင်ရွက်ခြင်း ၃၃

- ဗီဒီယိုကွန်ဖရင့်စနစ်တွင်ကျယ်စွာအသုံးပြုခြင်း ၃၃
  - ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကြားနာခြင်းနှင့် အမိန့်ချမှတ်ခြင်း ၃၄
  - ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်း ၃၅
- တရားရုံးနည်းပညာအသုံးပြုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း ၃၅
- ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များ ထုတ်ပြန်ခြင်းစနစ်စတင်ခြင်း ၃၆

သီးသန့်တရားရုံးများဖြင့်စစ်ဆေးစီရင်ခြင်းနှင့် ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများဝိတ်သိမ်းခြင်း ၃၈

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကိုတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၃၉

နိုင်ငံတစ်ဝန်းမူခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၄၄

လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း ၄၅

- လူစွမ်းအားအရင်းအမြစ်များ ၄၅
- ကိုဗစ်-၁၉ ကာလအတွင်း ရောဂါကူးစက်ခံရမှု ၄၆
- လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ၄၆
  - အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း ၄၇
  - အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း ၄၈
  - ပညာတော်သင်များစေလွှတ်ခြင်း၊ အဆင့်မြင့်ပညာများဆက်လက်သင်ကြားစေခြင်း ၄၈

တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ နေထိုင်ရေးအဆင်ပြေစေရန်ဆောင်ရွက်ခြင်း ၄၈

- တရားရုံးအသစ်များဆောက်လုပ်ခြင်း ၄၈
- ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း ၅၀

တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း ၅၀

ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း ၅၁

ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း ၅၄

ပြစ်ဒဏ်ကျခံနေရသူများ၊အချုပ်ခံနေရသူများ၏ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း ၅၅

နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေ ကောက်ခံရရှိခြင်း ၅၅

- ရုံးခွန် ၅၅
- ဒဏ်ငွေ ၅၆

ဥပဒေနည်းဥပဒေများရေးဆွဲဆောင်ရွက်ခြင်း ၅၆

အသိပညာပေးလုပ်ငန်းများနှင့်ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ ၅၆

- တိုင်းဒေသကြီးပြည်နယ်တရားလွှတ်တော်များ၏ Website များလွှင့်တင်ခြင်း ၅၆
- ၂၀၂၀ ပြည့်နှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ဝေခြင်း ၅၇
- ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံတရားစီရင်ထုံးထုတ်ဝေခြင်း ၅၇

တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း ၅၈

- ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ခြင်း ၅၈
- အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၆၁

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ ၆၃

၂၀၂၁ ခုနှစ် မှုခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၂ ခုနှစ်တွင်ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များ ၆၃

မှုခင်းများစစ်ဆေးစီရင်ခြင်း ၆၄

- ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ၆၄
- ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၇၅
- စစ်ဆေးဆဲအမှုများ၏ သက်တမ်း ၈၄
- အယူခံတက်ရောက်မှုနှုန်း ၉၃
- တိုင်းဒေသကြီးပြည်နယ်အလိုက်အမှုစွဲဆိုမှုရာခိုင်နှုန်း ၉၅
- မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၉၉
- အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၁၀၀

အပိုင်း (၄)

မဟာဗျူဟာစီမံကိန်းစတုတ္ထနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်မှုများ ၁၀၃

- မဟာဗျူဟာစီမံကိန်းဖွံ့ဖြိုးတိုးတက်မှု ၁၀၃
- မဟာဗျူဟာစီမံကိန်းစတုတ္ထနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၁)၏အောင်မြင်မှုများ ၁၀၃
- တရားရုံး၏ဆောင်ရွက်မှုတိုးတက်စေရန်ရည်မှန်းချက်များနှင့်လျာထားသတ်မှတ်ချက်များ ၁၀၄
- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၁၀၅

နောက်ဆက်တွဲများ		၁၁၅
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ တည်နေရာ	နောက်ဆက်တွဲ(က)	၁၁၆
စေ့စပ်ဖြေရှင်းရေးဌာနများ၏တည်နေရာများ	နောက်ဆက်တွဲ(ခ)	၁၂၃
သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့်အမှုအရေအတွက်	နောက်ဆက်တွဲ(ဂ)	၁၂၄
သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် တရားသူကြီးဦးရေ	နောက်ဆက်တွဲ(ဂ-၁)	၁၂၇
ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကထုတ်ပြန်သောအမိန့်များအရ တရားရုံးအသီးသီးက လွှတ်ခဲ့သောတရားခံများစာရင်း	နောက်ဆက်တွဲ(ဃ)	၁၃၀
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်း	နောက်ဆက်တွဲ(င)	၁၃၁
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းပြုန်းတီးအင်အားစာရင်း	နောက်ဆက်တွဲ(စ)	၁၃၄
ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်အရေးယူမှုအခြေအနေ	နောက်ဆက်တွဲ(ဆ)	၁၃၆
တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူ ဆောင်ရွက်မှုအခြေအနေ	နောက်ဆက်တွဲ(ဇ)	၁၃၈
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေများ၊ နည်းဥပဒေများနှင့် ပြင်ဆင်ခဲ့သည့်နည်းဥပဒေများ	နောက်ဆက်တွဲ(ဈ)	၁၃၉
တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ Website လိပ်စာများ	နောက်ဆက်တွဲ(ည)	၁၄၀
ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည့် ပြည်ပ အစည်းအဝေးများ	နောက်ဆက်တွဲ(ဋ)	၁၄၁
ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှအမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံခြားအဖွဲ့အစည်းများအား အွန်လိုင်းမှလက်ခံတွေ့ဆုံမှုများ	နောက်ဆက်တွဲ(ဌ)	၁၄၃
တိုင်းဒေသကြီး/ပြည်နယ်အလိုက်အရေးကြီးရာဇဝတ်မှုခင်းအခြေပြဇယား	နောက်ဆက်တွဲ(ဍ)	၁၄၄
တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်အလိုက် အကောင်အထည်ဖော်ခဲ့သည့် NCMP တရားရုံးများ(၂၀၁၈-၂၀၂၁)	နောက်ဆက်တွဲ(ဎ)	၁၄၅
မဟာဗျူဟာစီမံကိန်းစတုတ္ထနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၁)အကောင်အထည် ဖော်ဆောင်ရွက်မှုအခြေအနေနှင့်ရလဒ်များ	နောက်ဆက်တွဲ (ဏ)	၁၅၁



ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းအစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာအား ထုတ်ပြန်လိုက်ပါသည်။ တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံး၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာများ ထုတ်ပြန်ခဲ့သည်မှာ ယခုအစီရင်ခံသည့်နှစ်အထိဆိုလျှင် ဆဋ္ဌမနှစ်သို့ တိုင်ခဲ့ပြီဖြစ်သည်။

“ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)” ၏ စတုတ္ထမြောက်နှစ် ဖြစ်သည့် ၂၀၂၁ ခုနှစ်၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်သည် ကြီးမားသော စိန်ခေါ်မှုဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလအတွင်း၌ပင် တရားစီရင်ရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

တရားရုံးအဆင့်ဆင့်တွင် တရားရုံးနည်းပညာ အသုံးပြုဆောင်ရွက်သည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားစီရင်ရေးလေ့ကျင့်သင်ကြားပေးသည့် လုပ်ငန်းဖြစ်သည့် ဒုတိယမြို့နယ် တရားသူကြီးများလုပ်ငန်းဝင်သင်တန်းကိုလည်း ပထမဦးဆုံးအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြု၍ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုနိုင်ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ တရားရုံးအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားမမှုများကို စေ့စပ်ဖြေရှင်းရေးအတွက် တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သဖြင့် "ပြည်သူအချင်းချင်းနှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး" ဟူသည့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူနှင့်အညီ ပိုမို အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။

ထို့ပြင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များထုတ်ပြန်ခြင်းစနစ် စတင်ဆောင်ရွက်ခြင်း၊ ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြားဆက်သွယ်မှုဖြင့် တရားရုံးသက်သေခံချက် ရယူရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ ထုတ်ပြန်နိုင်ခဲ့ခြင်းမှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှု ရလဒ်များပင် ဖြစ်ပါသည်။

ယခု ထုတ်ပြန်လိုက်သည့် ၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကိုလည်း ယခင်နှစ်များနည်းတူ အသွင်သဏ္ဌာန်သာမက အနှစ်သာရပိုင်းတွင်ပါ ထူးခြားကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ထားပါသည်။ ဤအစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်းနှင့် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဟူသည့် မဟာဗျူဟာစီမံကိန်းဆောင်ပုဒ်နှင့်အညီ အတူတကွ ဆက်လက်ကြိုးပမ်းလက်တွဲဆောင်ရွက်ကြပါစို့ ဟု နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၆ ရက်
နေပြည်တော်



ရည်မှန်းချက်

လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်

တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြင့်တင်ရန်

လုပ်ငန်းတာဝန်များ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး

အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး

တရားရုံးများ၏ဂုဏ်သိက္ခာမြင့်တင်ရေး

တရားရုံး၏တန်ဖိုးများ

သာတူညီမျှမှုနှင့် တရားမျှတမှု

တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု

လက်လှမ်းမီနိုင်မှု

မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု



တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်

အပိုင်း (၁)

တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု

တရားစီရင်ရေးဆိုင်ရာအခြေခံမူများ

၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမူများကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

- ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး
- ဥပဒေအရကန့်သတ်ချက်များမှအပပြည်သူရှေ့မှောက်တွင်တရားစီရင်ရေး
- အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး
- ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး
- ဥပဒေကိုပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့်ပျိုးထောင်ပေးရေး
- ပြည်သူအချင်းချင်း နှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး
- ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး


ဖွဲ့စည်းပုံအခြေခံဥပဒေအရတရားစီရင်ရေးဆိုင်ရာအခွင့်အာဏာ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးဖြာအနက် တစ်ခုဖြစ်ပြီး၊ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

တရားရုံးဖွဲ့စည်းပုံ

၂၀၀၈ ခုနှစ် ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ခုနှစ် ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရအောက်ဖော်ပြပါတရားရုံးများကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် နေ့မှ စ၍ ဖွဲ့စည်းထားပါသည်-

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်
- တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်
- ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတရားရုံး
- မြို့နယ်တရားရုံး
- ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အချုပ်အခြာအာဏာ (၃) ရပ်
အုပ်ချုပ်ရေးအာဏာ
တရားစီရင်ရေးအာဏာ
ဥပဒေပြုရေးအာဏာ
မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံး
ပြည်ထောင်စု
တရားလွှတ်တော်ချုပ်
မြန်မာနိုင်ငံ၏ ဒုတိယအမြင့်ဆုံးတရားရုံး
တိုင်းဒေသကြီး/ ပြည်နယ်
တရားလွှတ်တော်များ (၁၄) ရုံး
မြန်မာနိုင်ငံ၏ တတိယအမြင့်ဆုံးတရားရုံး
ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
တိုင်း/ ဒေသတရားရုံးများ (၇၅) ရုံး
မူလရုံး
မြို့နယ်တရားရုံးများ (၃၃၀) ရုံး
ဥပဒေအရတည်ထောင်သော
အခြားတရားရုံးများ (၂၂) ရုံး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်ကာလမှစ၍
ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သည့်တရားသူကြီးချုပ်များ



သတိုးသီရိသုဓမ္မ
"ဦးသိမ်းမောင်"
တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ်
(၂၂.၃.၁၉၅၂) မှ (၁၇.၇.၁၉၅၇)



အဂ္ဂမဟာသရေစည်သူနှင့်
အဂ္ဂမဟာသီရိသုဓမ္မ "ဆာဘဦး"
တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ်
(၄.၁.၁၉၄၈) မှ (၁၂.၃.၁၉၅၂)



"ဦးဘိုကြီး"
တရားရုံးချုပ် တရားသူကြီးချုပ်
(၃၀.၃.၁၉၆၂) မှ (၁.၃.၁၉၆၅)




အဂ္ဂမဟာသရေစည်သူ
"ဦးမြင့်သိန်း"
နိုင်ငံတော် တရားဝန်ကြီးချုပ်
(၁၇.၇.၁၉၅၇) မှ (၁.၃.၁၉၆၂)

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်ကာလမှစ၍
ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သည့်တရားသူကြီးချုပ်များ



"ဦးလှသင်း"
နိုင်ငံတော် တရားသူကြီးချုပ်
(၁၂.၇.၁၉၇၂) မှ (၂.၃.၁၉၇၄)



"ဒေါက်တာမောင်မောင်"
တရားရုံးချုပ် တရားသူကြီးချုပ်
(၇.၆.၁၉၆၅) မှ (၁၂.၇.၁၉၇၂)



"ဦးမောင်မောင်ကျော်ဝင်း"
ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ
(၉.၁၁.၁၉၈၁) မှ (၁၉.၇.၁၉၈၂)



"သူရဦးအောင်ဖေ"
ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ
(၃.၃.၁၉၇၄) မှ (၈.၁၁.၁၉၈၁)

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်ကာလမှစ၍
ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သည့်တရားသူကြီးချုပ်များ



"ဦးတင်အောင်ဟိန်း"
ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ
(၁၁.၁၀.၁၉၈၂) မှ (၁၈.၉.၁၉၈၈)



သရေစည်သူ "ဦးအောင်တိုး"
တရားရုံးချုပ်တရားသူကြီးချုပ်
(၂၇.၉.၁၉၈၈) မှ (၃၀.၃.၂၀၁၁)



ဝဏ္ဏကျော်ထင် "ဦးထွန်းထွန်းဦး"
ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
(၃၀.၃.၂၀၁၁) မှ (ယနေ့ထိ)

ပြည်ထောင်စုတရားသူကြီးချုပ်နှင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ဝဏ္ဏကျော်ထင်ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



ဦးသာဌေး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၃၀-၃-၂၀၁၁ နေ့မှစ၍ ၁၄-၃-၂၀၂၂ ထိ



ဦးမြင့်အောင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၃၀-၃-၂၀၁၁ နေ့မှစ၍ ၂၃-၁-၂၀၂၂ ထိ



ဦးအောင်ဇော်သိန်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၃၀-၃-၂၀၁၁ နေ့မှစ၍ ယနေ့ထိ



ဦးမြဟန်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၁၄-၆-၂၀၁၇ နေ့မှစ၍ ၄-၂-၂၀၂၁ ထိ



ဦးမျိုးတင့်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၁၄-၆-၂၀၁၇ နေ့မှစ၍ ယနေ့ထိ



ဦးစိုးနိုင်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၁၄-၆-၂၀၁၇ နေ့မှစ၍ ၄-၂-၂၀၂၁ ထိ



ဦးခင်မောင်ကြည်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၁၄-၆-၂၀၁၇ နေ့မှစ၍ ၄-၂-၂၀၂၁ ထိ



ဦးမျိုးဝင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၁၅-၁၁-၂၀၁၈ နေ့မှစ၍ ၄-၂-၂၀၂၁ ထိ



ဦးမျိုးမောင်
ပြည်ထောင်စုတရား လွှတ်တော်ချုပ်
တရားသူကြီး
၄-၂-၂၀၂၁ နေ့မှစ၍ ယနေ့ထိ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ



ဦးကြည်သိန်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၄-၂-၂၀၂၁ နေ့မှစ၍ ယနေ့ထိ



ဦးခင်မောင်ကြီး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၇-၂-၂၀၂၁ နေ့မှစ၍ ယနေ့ထိ



ဦးတင်ဟုန်
ပြည်ထောင်စုတရား လွှတ်တော်ချုပ်
တရားသူကြီး
၇-၂-၂၀၂၁ နေ့မှစ၍ ယနေ့ထိ



ဒေါ်ခင်မေရီ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီး
၇-၂-၂၀၂၁ နေ့မှစ၍ ယနေ့ထိ

တရားရုံးအဆင့်ဆင့်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နှင့် စစ်ဘက်ဆိုင်ရာ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကိုမထိခိုက်စေဘဲ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် တည်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးရေ အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၁) ဦးထိ ဖွဲ့စည်းနိုင်သည်။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၄) ဦးအား တာဝန်မှရပ်စဲခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၅) ဦးအား ထပ်မံခန့်အပ်ခဲ့ပါသည်။ သို့ဖြစ်၍ ၄-၂-၂၀၂၁ ရက်နေ့မှစ၍ အစီရင်ခံသည့်နှစ်ကုန်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (၉) ဦး ခန့်အပ်တာဝန်ပေးထားရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအဆင့် အယူခံတရားရုံးဖြစ်သည်။ တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးစလုံးအတွက် မူလမှုနှင့်အယူခံမှုစီရင်ပိုင်ခွင့်ရှိသည်။ ထို့အပြင် တရားရုံးတစ်ရုံးက ချမှတ်လိုက်သော စီရင်ချက်နှင့်အမိန့်အပေါ် ဥပဒေနှင့်အညီ ပြင်ဆင်မှုအာဏာနှင့် သေဒဏ်အတည်ပြုခွင့်အာဏာများလည်း ရှိသည်။ ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ

အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုးသက်ရောက်သည့်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေဘဲ စာချွန်တော်အမိန့် (၅) ရပ်ကို ထုတ်ပိုင်ခွင့်အာဏာရှိသည်။ [၁] ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားသူကြီးများ သို့မဟုတ် စုံညီခုံရုံးတို့ဖြင့် အမှုများကို စစ်ဆေးစီရင်နိုင်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များကိုလည်း သီးသန့်ကြားနာ စစ်ဆေးပါသည်-

- ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်းဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စရပ်များ
- ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- တိုင်းဒေသကြီးအချင်းချင်း ၊ ပြည်နယ်အချင်းချင်း ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချင်းချင်း ၊ ပြည်ထောင်စုနယ်မြေနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ
- ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်နှင့်အညီ လက်အောက်ခံတရားရုံးများအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန်တာဝန်ရှိသည်။ ထို့အပြင် တရားစီရင်ရေးနှင့်သက်ဆိုင်သောဥပဒေကြမ်းများကို ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းနိုင်ခွင့်ရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များနှင့် **ခရိုင်တရားရုံးများ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ တရားရုံးများ၏** တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

---

[၁] နိုင်ငံတော်သမ္မတရုံး၏ ၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၁ ဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ တစ်နှစ်သတ်မှတ်ကြေညာထားသည့် ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ) ၊ စာချွန်တော်ဥပဒေပုဒ်မ ၃ (ခ) ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ (ခ) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားချက်များကို ရပ်ဆိုင်းထားပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်





တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး(အမျိုးသား၊ အမျိုးသမီး)ဝတ်စားဆင်ယင်ပုံ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဒုတိယအဆင့်ဆုံးတရားရုံး ဖြစ်ပြီး ပြည်ထောင်စု၏ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တည်ရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော် (၇) ခု နှင့် ပြည်နယ်တရားလွှတ်တော် (၇) ခုတည်ထောင်ထားရှိပါသည်။ တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ် တရားလွှတ်တော်များ၏ တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

တရားလွှတ်တော်တစ်ခုစီတွင် သက်ဆိုင်ရာအလုပ်တာဝန်ပမာဏအပေါ်မူတည်၍ တရားသူကြီးချုပ် အပါအဝင် တရားလွှတ်တော်တရားသူကြီးအရေအတွက် အနည်းဆုံး (၃) ဦးမှ အများဆုံး (၇) ဦး အထိ ကွဲပြား ပါသည်။ တရားလွှတ်တော်များတွင် တရားမနှင့် ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကို ကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများက ချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် အာဏာများလည်းရှိပါသည်။

တရားလွှတ်တော်များသည် ဥပဒေအရ သတ်မှတ်ထားသည့် ရာဇဝတ်မူလမှုများကို စီရင်ပိုင်ခွင့်ရှိပြီး၊ အမှုတန်ဖိုးကျပ်သိန်း (၃၀၀၀၀) အထက်မှ တန်ဖိုးအကန့်အသတ်မရှိသည့် တရားမမူလမှုများကို စီရင်ပိုင်ခွင့် ရှိပါသည်။

တရားလွှတ်တော်များရှိ အမှုအားလုံးကို တရားသူကြီးတစ်ဦး သို့မဟုတ် လိုအပ်ပါက တစ်ဦးထက် ပိုသော တရားသူကြီးများဖြင့် စစ်ဆေးပါသည်။ တရားလွှတ်တော်သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာကိစ္စများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

တိုင်းဒေသကြီး၊ပြည်နယ်တရားလွှတ်တော်များ၏တရားသူကြီးချုပ်များနှင့်တရားသူကြီးများ*

၁-၁-၂၀၂၁ မှ ၃၁-၁၂-၂၀၂၁ အထိ

ကချင်ပြည်နယ်	တရားသူကြီးချုပ် ဦးတူးဂျာ	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်ပြုံးပြုံးအေး	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဦးတူးမော်	၃.၁၀.၂၀၁၉ မှ ယနေ့အထိ
ကယားပြည်နယ်	တရားသူကြီးချုပ်ဦးကျော်လင်းမောင်	၂၉.၂.၂၀၁၂ မှ ၁၅.၇.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ်ဒေါ်သန်းသန်းအေး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်သန်းသန်းအေး	၃၀.၃.၂၀၁၁ မှ ၁၄.၇.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည်	၂၉.၁၁.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဦးထွန်းထွန်းဦး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
ကရင်ပြည်နယ်	တရားသူကြီးချုပ် ဦးစောစံလင်း	၃၀.၃.၂၀၁၁ မှ ၈.၂.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဦးသိန်းကိုကို	၁.၃.၂၀၂၁ မှ ၁၄.၃.၂၀၂၂ အထိ
	တရားသူကြီး ဦးသိန်းကိုကို	၃၀.၃.၂၀၁၁ မှ ၁.၃.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်ခင်ဆွေထွန်း	၃၀.၃.၂၀၁၁ မှ ၂၃.၃.၂၀၂၂ အထိ
	တရားသူကြီး ဒေါ်ခင်စိမ်းဝင်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
ချင်းပြည်နယ်	တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်	၃၀.၃.၂၀၁၁ မှ ၁.၁၁.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဦးနေစိုး	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်သိန်းထွန်း	၃၀.၃.၂၀၁၁ မှ ၂၀.၆.၂၀၂၁ အထိ
	တရားသူကြီး ဦးတဲရင့်စ်စံမွိုင်းနီခွဲ	၄.၈.၂၀၁၇ မှ ၂.၂.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်မန်ဟောက်ချန်	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးနေစိုး	၁၉.၆.၂၀၂၁ မှ ၁.၁၁.၂၀၂၁ အထိ
	တရားသူကြီး ဦးမြင့်ဟန်	၁.၁၁.၂၀၂၁ မှ ယနေ့အထိ
မွန်ပြည်နယ်	တရားသူကြီးချုပ် ဦးခင်မောင်ကြီး	၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဦးညီညီစိုး	၁.၃.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးညီညီစိုး	၃၀.၃.၂၀၁၁ မှ ၁.၃.၂၀၂၁အထိ
	တရားသူကြီး ဒေါ်ဌေးမြင့်အေး	၇.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ညိုမိစံ	၁.၃.၂၀၂၁ မှ ယနေ့အထိ
ရခိုင်ပြည်နယ်	တရားသူကြီးချုပ်ဒေါ်ဝါဝါထွန်း	၂၈.၁၁.၂၀၁၉ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီးဒေါ်နွယ်နွယ်ခိုင်	၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီးဦးအောင်ထွန်းသိန်း	၂၇.၁၂.၂၀၁၉ မှ ယနေ့အထိ
ရှမ်းပြည်နယ်	တရားသူကြီးချုပ် ဦးကြွယ်ကြွယ်	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စန္ဒာအောင်	၃.၉.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးအောင်သိန်း	၃. ၉.၂၀၂၀ မှ ယနေ့အထိ

စစ်ကိုင်းတိုင်းဒေသကြီး	တရားသူကြီးချုပ် ဦးမျိုးမောင်	၂၃.၇.၂၀၁၉ မှ ၄.၂.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ် ဦးဖြိုးဖြိုး	၇.၂.၂၀၂၁ မှ ၆.၇.၂၀၂၁ အထိ
	တရားသူကြီးချုပ် ဦးဇော်ထူး	၁၄.၇.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ချယ်ရီကြည်	၂၉.၁၂.၂၀၁၄ မှ ၁၁.၄.၂၀၂၁ အထိ
	တရားသူကြီး ဦးဖြိုးဖြိုး	၃၀.၇.၂၀၁၉ မှ ၇.၂.၂၀၂၁ အထိ
	တရားသူကြီး ဦးဇော်ထူး	၇.၂.၂၀၂၁ မှ ၁၄.၇.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်စုစုဝင်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်သီမာနွယ်	၁၄.၇.၂၀၂၁ မှ ၂၅.၁၀.၂၀၂၁ အထိ
	တရားသူကြီး ဦးဟန်သိန်း	၂၅.၁၀.၂၀၂၁ မှ ယနေ့အထိ
မကွေးတိုင်းဒေသကြီး	တရားသူကြီးချုပ် ဦးစိန်ထွန်း	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဦးမြင့်သိန်း	၃၀.၃.၂၀၁၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်နုယဉ်	၃၀.၃.၂၀၁၁ မှ ၃.၁၁.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်မိမိမော်	၃-၁၁-၂၀၂၁ မှ ယနေ့အထိ
မန္တလေးတိုင်းဒေသကြီး	တရားသူကြီးချုပ်ဦးကြည်သိန်း(ခ)	၂.၁၂.၂၀၂၀ မှ ၄.၂.၂၀၂၁ အထိ
တရားလွှတ်တော်	ဦးကြည်သိန်းအောင်	
	တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်သင်းဝေ	၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်လှမြင့်	၁၅.၇.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးခင်မောင်ထွန်း	၁၇.၉.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်ဆန်း	၂၈.၅.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ခင်စန်းမြင့်	၂၇.၇.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ကြည်ကြည်စိန်း	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ခင်သစ်ဆွေ	၇.၂.၂၀၂၁ မှ ယနေ့အထိ
ပဲခူးတိုင်းဒေသကြီး	တရားသူကြီးချုပ်ဦးမောင်မောင်အေး	၃၁.၁၀.၂၀၁၉ မှ ၁၀.၆.၂၀၂၁ အထိ
တရားလွှတ်တော်	တရားသူကြီးချုပ်ဒေါ်လွင်လွင်အေးကျော်	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီးဒေါ်လွင်လွင်အေးကျော်	၂၆.၅.၂၀၁၆ မှ ၁၀.၆.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်ခင်မာဆွေ	၁၆.၈.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်အေးအေးသန့်	၁၉.၁၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီး ဦးမြင့်စိုး	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
တနင်္သာရီတိုင်းဒေသကြီး	တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး	၁၈.၅.၂၀၂၀ မှ ယနေ့အထိ
တရားလွှတ်တော်	တရားသူကြီး ဦးခင်မောင်မောင်	၂၈.၉.၂၀၁၆ မှ ၁၉.၄.၂၀၂၁ ထိ
	တရားသူကြီး ဒေါ်ချိုမာမြင့်	၂၁.၅.၂၀၂၀ မှ ၁.၆.၂၀၂၁ အထိ
	တရားသူကြီး ဒေါ်အေးအေးသန်း	၂၀.၄.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ရင်ရင်သန်း	၁၀.၆.၂၀၂၁ မှ ယနေ့အထိ
ရန်ကုန်တိုင်းဒေသကြီး	တရားသူကြီးချုပ် ဒေါ်သင်းသင်းနွဲ့	၇.၂.၂၀၂၁ မှ ၁၄.၃.၂၀၂၂ အထိ
တရားလွှတ်တော်	တရားသူကြီး ဒေါ်စန္ဒာသွယ်	၃၀.၃.၂၀၁၁ မှ ၂၃.၃.၂၀၂၂ အထိ

	တရားသူကြီး ဒေါ်သင်းသင်းနွဲ့	၃၀.၃.၂၀၁၁ မှ ၇.၂.၂၀၂၁ အထိ
	တရားသူကြီး ဦးအောင်နိုင်	၁၂.၄.၂၀၁၇ မှ ၁၉.၁.၂၀၂၂ အထိ
	တရားသူကြီးဒေါ်စိုးခက်ခက်	၆.၂.၂၀၁၉ မှ ယနေ့အထိ
	တရားသူကြီးဒေါ်ချိုမာလာ	၂၁.၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးညိုထွန်း	၇.၂.၂၀၂၁ မှ ယနေ့အထိ
	တရားသူကြီး ဦးကျော်စွာငြိမ်း	၁.၃.၂၀၂၁ မှ ယနေ့အထိ
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်	တရားသူကြီးချုပ် ဦးမျိုးညွှန့်	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးကျော်မင်း	၃၀.၃.၂၀၁၁ မှ ၉.၂.၂၀၂၁ အထိ
	တရားသူကြီး ဦးဝင်းမြင့်	၁၇.၈.၂၀၁၂ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်	၂၁.၁၂.၂၀၁၇ မှ ယနေ့အထိ
	တရားသူကြီး ဒေါ်မိုးမိုးအေး	၃.၁၂.၂၀၂၀ မှ ယနေ့အထိ
	တရားသူကြီး ဦးဝင်းမြိုင်	၁.၃.၂၀၂၁ မှ ယနေ့အထိ

** အစီရင်ခံစာထုတ်ပြန်သည့်နှစ်အတွင်း အကျုံးဝင်သည့် တရားသူကြီးများ နှင့် ခန့်အပ်တာဝန်ပေးသည့် ရက်စွဲများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။*

ခရိုင်တရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး

ခရိုင်တရားရုံးသည် ခရိုင်အသီးသီးတွင်တည်ရှိပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတို့ တည်ထောင်ထားရှိပါသည်။ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ တရားရုံးတို့သည် တတိယအမြင့်ဆုံးတရားရုံး ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စာရင်းအရ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံး (၁) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၃) ရုံးအပါအဝင် ခရိုင်တရားရုံး (၇၅) ရုံး တည်ထောင်ထားရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံးများ နှင့် ခရိုင်တရားရုံးများ၏တည်နေရာစာရင်းကို **နောက်ဆက်တွဲ (က)** တွင်ဖော်ပြထားပါသည်။ ခရိုင်တရားရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ပေးခန့်အပ်ထားသော ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယခရိုင်တရားသူကြီးတို့ ခန့်အပ်ထားရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း နှင့် ဒေသတရားရုံးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒုတိယကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးတို့ခန့်အပ်ထားရှိပါသည်။ ခရိုင်တရားရုံးတွင် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးလုံး၏ မူလမှုများကိုကြားနာခွင့်ရှိပြီး၊ လက်အောက်ခံတရားရုံးများကချမှတ်လိုက်သော စီရင်ချက်၊ ဒီကရီနှင့် အမိန့်များအပေါ် အယူခံနှင့်ပြင်ဆင်မှု စီရင်ပိုင်ခွင့်အာဏာများလည်းရှိပါသည်။ ခရိုင်တရားရုံးရှိအမှုများကို တရားသူကြီးတစ်ဦးဖြင့်စစ်ဆေးစီရင်ပါသည်။ လိုအပ်ပါက တစ်ဦးထက်ပိုသော တရားသူကြီးများဖြင့် စစ်ဆေးစီရင်နိုင်ပါသည်။

ခရိုင်တရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာတရားလွှတ်တော်၏ လမ်းညွှန်ချက်များနှင့်အညီ ၎င်းတို့၏သက်ဆိုင်ရာစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်တရားရုံးများအားလုံး၏ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။






ခရိုင်တရားသူကြီး (အမျိုးသား ၊ အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံး၏ စီရင်ပိုင်ခွင့် ရာဇဝတ်စီရင်ပိုင်ခွင့်

- ဥပဒေကခွင့်ပြုသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့် ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်
- ၎င်း၏ဒေသနယ်နမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့်

တရားမစီရင်ပိုင်ခွင့်



မြို့နယ်တရားရုံး

မြို့နယ်တရားရုံးသည်မူလရုံးဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စာရင်းအရ မြို့နယ်တရားရုံး စုစုပေါင်း (၃၃၀) ရုံးရှိပါသည်။ မြို့နယ်တရားရုံးတစ်ရုံးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးခန့်အပ်ထားသော မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီး နှင့် ဒုတိယမြို့နယ်တရားသူကြီး တို့ ခန့်အပ်ထားရှိပါသည်။

မြို့နယ်တရားရုံးများသည် တရားမမှုနှင့်ရာဇဝတ်မှုနှစ်မျိုးစလုံးကို ကြားနာနိုင်သည့် မူလမှုစီရင်ပိုင်ခွင့် ရှိပါသည်။ မြို့နယ်တရားရုံးရှိအမှုများကိုတရားသူကြီးတစ်ဦးဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ပါသည်။





မြို့နယ်တရားသူကြီး(အမျိုးသား ၊ အမျိုးသမီး) ဝတ်စားဆင်ယင်ပုံ

မြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်

ရာဇဝတ်စီရင်ပိုင်ခွင့်





ဥပဒေအရတည်ထောင်သည့်အခြားတရားရုံးများ

သီးခြားမှုခင်းကိစ္စရပ်များကို ကြားနာစစ်ဆေးရန်အတွက် ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများကို ယေဘုယျအားဖြင့် မြို့နယ်အဆင့်တရားရုံးနှင့်တန်းတူ တည်ထောင်ထားပါသည်။ အဆိုပါ တရားရုံးများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- ကလေးသူငယ်တရားရုံးများ
- စည်ပင်သာယာတရားရုံးများ
- မော်တော်ယာဉ်တရားရုံးများ

ကလေးသူငယ်တရားရုံးများ

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်များကျူးလွန်သည့် ပြစ်မှုများကို ကြားနာစစ်ဆေးရန်အတွက် ကလေးသူငယ်တရားရုံးများကို သီးခြားတည်ထောင်ထားပါသည်။ မြို့နယ်အဆင့် တရားရုံးများဖြစ်သော်လည်း ကလေးသူငယ်တရားသူကြီးသည် မှုခင်း၏ကြီးလေးမှုနှင့်မသက်ဆိုင်ဘဲ ပြစ်ဒဏ်အားလုံးကို စီရင်နိုင်သည့်သီးခြားစီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ကလေးသူငယ်တရားရုံး(ရန်ကုန်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ် (၂၀) တွင် ဖြစ်ပွားသောကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ကလေးသူငယ်တရားရုံး(မန္တလေး)သည် မန္တလေးမြို့တော်စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင်ဖြစ်ပွားသော ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် သီးခြားတည်ထောင်ထားခြင်း ဖြစ်ပါသည်။ ထိုတရားရုံးများတွင် ကလေးသက်သေစစ်မေးခန်းအပါအဝင် တရားရုံးအထောက်အကူပြု ကိရိယာပစ္စည်းများနှင့် ကလေးသူငယ်များ သက်တောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်ကိုဖန်တီးပေးရန်အတွက် ပစ္စည်းများတပ်ဆင်ထားပါသည်။

ဖော်ပြပါရုံးများအပြင် ကျန်မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကိုပါ ပူးတွဲဖွင့်လှစ်ထားရှိပါသည်။

စည်ပင်သာယာတရားရုံးများ

စည်ပင်သာယာမှုခင်းများကို လျင်မြန်ထိရောက်စွာစစ်ဆေးစီရင်နိုင်ရန် စည်ပင်သာယာတရားရုံးများ တည်ထောင်ထားရှိပါသည်။ စည်ပင်သာယာတရားရုံးများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

မော်တော်ယာဉ်တရားရုံးများ

ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းချိုးဖောက်သူများကို စစ်ဆေးစီရင်ရန်အတွက် မော်တော်ယာဉ်တရားရုံး များကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် သီးခြားဖွင့်လှစ်ထားပါသည်။

တရားရုံးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြုသည့် ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးရာကိစ္စရပ်များနှင့် တရားရုံး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖွဲ့စည်းထားသည့်ကော်မတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော “ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေး ဦးဆောင်သော “ ဥပဒေဆိုင်ရာ အထောက် အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသာဌေး ဦးဆောင်သော “ဥပဒေဆိုင်ရာ အထောက် အကူပေးရေးဥပဒေကို ပြင်ဆင်ရေးဆွဲရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော “ မြန်မာနိုင်ငံတရားစီရင်ထုံး ပြုစုရေးအဖွဲ့ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော “ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီမံခန့်ခွဲသောဥပဒေများစိစစ်ရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဦးဆောင်သော “ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ အရေးယူဆောင်ရွက်ရန် အကြောင်းကြားလာသည့်ကိစ္စများနှင့်စပ်လျဉ်း၍ စိစစ် ပြန်ကြားရေးအဖွဲ့

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ဦးဆောင်သော “e-Government အကောင်အထည်ဖော်ရေးကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေပြင်ဆင်ရေးဆွဲရေးအဖွဲ့ ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “မဟာဗျူဟာစီမံကိန်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့် ဦးဆောင်သော “စာချွန်တော်လျှောက်ထားမှု အပြီးသတ်အမိန့်များ စိစစ်ရွေးချယ်ရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း ဦးဆောင်သော “တရားရုံးများလက်စွဲ (ပထမတွဲ) ပြုစုထုတ်ဝေရေးအဖွဲ့”
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန် ဦးဆောင်သော “စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ”

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏လုပ်ငန်းများကို သီးသန့်ဆောင်ရွက်ရန်ရည်ရွယ်၍ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အထက်ဖော်ပြပါ ကော်မတီများတွင် အဆင့်မြင့်တရားရေးအရာရှိကြီးများက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဖွဲ့စည်းပုံ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းတာဝန်များကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးတို့က တာဝန်ယူဆောင်ရွက်ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်၏ ကြီးကြပ်မှုအောက်တွင် ဌာနခွဲ နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။




ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

အမြဲတမ်းအတွင်းဝန်၏ကြီးကြပ်မှုအောက်တွင် စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာ၊ ဘတ်ဂျက်နှင့်ထောက်ပံ့၊ လေ့ကျင့်၊ e-Government ၊ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနလုပ်ငန်းများအတွက် ဌာနကြီးခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ကြီးကြပ်မှုအောက်တွင် တရားသူကြီးများရုံးထိုင်ခြင်းနှင့် စီရင်ချက်များ အတည်ပြုခြင်းအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးလုပ်ငန်းများ၊ ဥပဒေများ သုံးသပ်ခြင်းနှင့် မူကြမ်းရေးဆွဲခြင်း၊ လက်အောက်ခံတရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့် ရှေ့နေ ရှေ့ရပ်ကိစ္စများကို ကြီးကြပ်ရန်အတွက် ဌာနကြီးငါးခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



ရသုံးမှန်းခြွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများကို စီမံဆောင်ရွက်ပါသည်။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့်ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေ (သာမန်အသုံးစရိတ် နှင့်ငွေလုံးငွေရင်းအသုံးစရိတ်) တို့ကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လုပ်ပိုင်ခွင့်အပ်နှင်း၍ ဆောင်ရွက်ပါသည်။

အမြဲတမ်းအတွင်းဝန်သည် ၎င်းအားအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဌာနဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား ထပ်မံ၍လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများအား စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေများအား စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သို့ လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သို့ လည်းကောင်း အပ်နှင်း ဆောင်ရွက်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့/လေ့ကျင့်) သည် ၎င်းအားအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိဌာနဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားထပ်မံ၍ လွှဲအပ်နိုင်သည်ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ခံရသောရငွေများအား စီမံကြီးကြပ်ကောက်ခံခြင်းနှင့် အသုံးစရိတ်ငွေများအား စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန) သို့လည်းကောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားရေးဦးစီးမှူးများသို့လည်းကောင်း အပ်နှင်းဆောင်ရွက်ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို စီမံကြီးကြပ်ရန်အတွက် ဌာနတွင်းစာရင်းစစ်ဆေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်သည့် "ဌာနတွင်းစာရင်းစစ်အဖွဲ့" ကို ဖွဲ့စည်းထားရှိပြီး၊ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပံ့ပိုးကူညီရန် ပြည်ထောင်စု တရားသူကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် "စာရင်းစစ်ကော်မတီ" ကို ဖွဲ့စည်းထားရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ၂၀၂၁ ခုနှစ်အတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအနေဖြင့် ၂၀၂၀-၂၀၂၁ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွဲဝေပေးသည့်ငွေလုံးငွေရင်းအသုံး စရိတ်ငွေအားလုံး၏ ၀.၁၈၄% ကိုလည်းကောင်း၊သာမန်အသုံးစရိတ်ငွေအားလုံး၏ ၀.၀၉၉% ကိုလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးသည့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေအားလုံး၏ မူလခန့်မှန်းခြေ ၀.၁၉၅% ကို လည်းကောင်း၊ သာမန်အသုံးစရိတ်ငွေအားလုံး၏ မူလခန့်မှန်းခြေ ၀.၀၈၁% ကိုလည်းကောင်း ခွဲဝေရရှိခဲ့ပါသည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်အတွက်ခွင့်ပြုငွေနှင့်သုံးစွဲမှုအခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်း ခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၏ ရရှိမှုရာခိုင်နှုန်း		သုံးစွဲမှု အခြေ အနေ	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂ မူလခန့်မှန်းခြေ
		၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂ မူလခန့် မှန်းခြေ			
၁	၂	၃	၄	၅	၆	၇
၁	ငွေလုံးငွေရင်း အသုံးစရိတ်	မူလ - ၀.၁၈၄% ပြုပြင်* - ၀.၁၈၉%	၀.၁၉၅%	ခွင့်ပြုငွေ	မူလ - ၁၈၆၇၀.၇၂၄ ပြုပြင်- ၁၈၇၃၅.၇၈၄	၈၉၀၁.၈၁၁
				အမှန် သုံးငွေ	၁၈၁၉၂.၇၉၁ **	၁၀.၁၂၅ ***
၂	သာမန် အသုံးစရိတ်	မူလ - ၀.၀၉၉% ပြုပြင်**** ၀.၁၀၂%	၀.၀၈၁%	ခွင့်ပြုငွေ	မူလ - ၂၆၂၅၃.၀၈၀ ပြုပြင်-၂၆၁၈၉.၃၂၀	၁၀၃၇၆.၈၇၀
				အမှန် သုံးငွေ	၁၅၄၅၀.၅၉၄ **	၄၁၉၉.၉၄၃ ***

** ပြုပြင်ပြီးငွေလုံးငွေရင်းအသုံးစရိတ်မှာဖြည့်စွက်အသုံးစရိတ်ခွင့်ပြုပြီးနောက် တွက်ချက်မှုရာခိုင်နှုန်းဖြစ်ပါသည်။*

***စာတိုင် ၆ တွင် ဖော်ပြထားသည့် အမှန်သုံးငွေများမှာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ အသုံးပြုပြီးသည့်ငွေကိုဖော်ပြခြင်းဖြစ်ပါသည်။*

**** စာတိုင် ၇ တွင် ဖော်ပြထားသည့် အမှန်သုံးငွေများမှာ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အသုံးပြုပြီး သည့်ငွေကိုဖော်ပြခြင်းဖြစ်ပါသည်။*

*****ပြုပြင်ပြီးသာမန်အသုံးစရိတ်မှာဖြည့်စွက်အသုံးစရိတ်ခွင့်ပြုပြီးနောက် တွက်ချက်မှုရာခိုင်နှုန်းဖြစ်ပါသည်။*

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ဘဏ္ဍာငွေခွဲဝေပေးခြင်း

ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ စတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်မှစ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ခွဲဝေရရှိသည့်ဘဏ္ဍာငွေများကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ နှစ်စဉ်ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ **၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ရရှိသည့်ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၃.၁၀၉% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၃၂.၈၈၂% ကိုလည်းကောင်း၊ **၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ရရှိသည့်ဘဏ္ဍာငွေများအနက် ငွေလုံးငွေရင်းအသုံးစရိတ် ၀.၄၀၁% ကိုလည်းကောင်း၊ သာမန်အသုံးစရိတ် ၂၁.၆၃၁ % ကိုလည်းကောင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးခဲ့သည့် ဘဏ္ဍာငွေများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁– ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့
ဘဏ္ဍာငွေခွဲဝေပေးသည့်အခြေအနေ (ကျပ်သန်းပေါင်း)

စဉ်	ငွေစာရင်းခေါင်းစဉ်	ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရရှိသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့်ဘဏ္ဍာငွေ (ကျပ်သန်းပေါင်း)		ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ခွဲဝေပေးသည့် ရာခိုင်နှုန်း	
		၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂
၁။	ငွေလုံးငွေရင်းအသုံးစရိတ်	၁၈၆၇၀.၇၂၄	၈၉၀၁.၈၁၁	၅၈၀.၅၄၈	၃၅.၇၂၉	၃.၁၀၉ %	၀.၄၀၁ %
၂။	သာမန်အသုံးစရိတ်	၂၆၂၅၃.၀၈၀	၁၀၃၇၆.၈၇၀	၈၆၃၂.၅၄၄	၂၂၄၄.၆၁၃	၃၂.၈၈၂ %	၂၁.၆၃၁ %

အပိုင်း (၂)

၂၀၂၁ ခုနှစ်အတွင်းပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ကြိုးပမ်းဆောင်ရွက်မှုများ

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို နည်းပညာအသုံးပြု တိုးမြှင့်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း စစ်ဆေးဆောင်ရွက်ဆဲအမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၊ တရားရုံးနှင့် ဆက်နွယ်သည့်ဆက်စပ်အဖွဲ့အစည်းများ၊ အမှုသည်များ၊ အချုပ်တရားခံများ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး၊ တရားစီရင်ရေး နှင့် တရားရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရေး၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်မဟုန်မပျက်စေရေးတို့အတွက် တရားရုံးအဆင့်ဆင့်ကလိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း နှင့် တရားရုံးနည်းပညာအသုံးပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ဗီဒီယိုကွန်ဖရင့်စနစ် တွင်ကျယ်စွာအသုံးပြုခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့သည် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် သင်တန်းများကို ဗီဒီယိုကွန်ဖရင့်စနစ်ကို အသုံးပြု၍ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုများကြားနာစီရင်ရာ၌ အမှုသည်များ၊ ရှေ့နေများလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ယခင်နှစ်က ထုတ်ပြန်ထားသည့် ကြေညာချက် [၂] နှင့်အညီဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇဝတ်မှု နှင့်တရားမမှုများ စစ်ဆေးစီရင်ရာတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များကိုဆောင်ရွက်ရာ၌ တရားရုံးအားလုံးက ဥပဒေဘောင်အတွင်း တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် " ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြား ဆက်သွယ်မှုဖြင့် သက်သေခံချက်ရယူရာတွင် လိုက်နာရန် ညွှန်ကြားချက်" [၃] ကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်ချက်များပူးတွဲလျက် ထုတ်ပြန်ခဲ့ပါသည်။ ယင်းညွှန်ကြားချက်တွင် သက်သေခံ အက်ဥပဒေပုဒ်မ ၆၀-က ပါ ပြဋ္ဌာန်းချက်များ၊ နည်းပညာပိုင်းဆိုင်ရာကြိုတင်ပြင်ဆင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ လိုက်နာရမည့်အချက်များနှင့် တရားခွင်တွင် လိုက်နာရမည့်အချက်များကို အသေးစိတ်လမ်းညွှန်ထားပါသည်။ တရားရုံးအသီးသီးအနေဖြင့် ချုပ်မိန့် (Remand) ပေးခြင်းကိုလည်း အကျဉ်းထောင်များဖြင့် ချိတ်ဆက်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ တရားရုံးအဆင့်ဆင့်၌ တရားရုံးနည်းပညာအသုံးပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် Internet Access ရရှိရေးကို ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် တရားရုံး (၁၃၄) ရုံး၌ Internet Access ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

---

[၂] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ရက်စွဲပါ ကြေညာချက်

[၃] ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ရက်စွဲပါ ညွှန်ကြားချက်အမှတ်- ၅/၂၀၂၁


၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် တရားရုံး (၁၀၃) ရုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ တရားရုံးများအားလုံး Internet Access ရရှိရေးအတွက် စီမံကိန်းဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကြားနာခြင်းနှင့် အမိန့်ချမှတ်ခြင်း

၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး(၅)ဦးပါဝင်သော အထူးအယူခံခုံရုံးသည် ၁၇-၅-၂၀၂၁ မှ ၂၀-၁၂-၂၀၂၁ ရက်နေ့အထိ (၁၀)ကြိမ် ရုံးထိုင်ကြားနာခဲ့ပါသည်။ ၂၆-၇-၂၀၂၁ မှ ၂၃-၈-၂၀၂၁ အထိ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးထက်ပို၍ ပါဝင်သော အထူးအယူခံခုံရုံးသည် ဗီဒီယိုကွန်ဖရင့်ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ပါသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အထူးအယူခံခုံရုံးဖြင့် ရုံးထိုင်ကြားနာစဉ်



ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အထူးအယူခံခုံရုံးများကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကြားနာစဉ်

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ စစ်ဆေးပြီးသောအမှုများကို စီရင်ချက်ချမှတ်ခြင်း၊ စစ်ဆေးစီရင်ရန်ကျန်ရှိသော အမှုများကိုကြားနာခြင်းတို့ကို ဗီဒီယိုကွန်ဖရင့် အသုံးပြု၍ ဆောင်ရွက်ခဲ့ရာ စုစုပေါင်း(၃၂၀) ကြိမ်ထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အမှုများကြားနာသည့် အကြိမ်အရေအတွက် (၃၀၇) ကြိမ်တွင် အမှုပေါင်း (၈၃၀) မှုကို ကြားနာ စစ်ဆေးခဲ့ပြီး၊ အမိန့်ချမှတ်သည့် အကြိမ်အရေအတွက် (၁၃) ကြိမ်တွင် အမှုပေါင်း (၁၂၈) မှုကို အမိန့်ချမှတ်နိုင်ခဲ့ပါသည်။

ထိုသို့ အမှုများစီရင်ချက်ချမှတ်ခြင်းနှင့် ကြားနာခြင်းတို့ကို ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် စစ်ဆေးဆဲအမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကိုလည်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုစစ်ဆေးပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၆၃ % ပိုမိုများပြားခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ

ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှုနှင့် ပြင်ဆင်မှုတင်သွင်းခြင်းများ လျော့နည်းခဲ့ခြင်း နှင့် ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ အရှိန်မဟုန်မပျက်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အမှုပြီးပြတ်မှုနှုန်းမြင့်မားခဲ့ပါသည်။

ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကပ်ရောဂါကာလအတွင်း လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဗီဒီယိုကွန်ဖရင့်ကို တွင်ကျယ်စွာအသုံးပြုဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တရားရေးအရာရှိ အဆင့်(၄)၊ ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၉) ကို ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ အောင်မြင်စွာ သင်ကြားပို့ချနိုင်ခဲ့ပါသည်။ ထို့အပြင် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလိုင်စင်ပေးအပ်ခြင်း အခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့် စုစုပေါင်း (၅) ကြိမ်မြောက်အထိ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် ဘာသာရပ်ဆိုင်ရာသင်တန်းများ ပို့ချရာတွင်လည်း ဗီဒီယိုကွန်ဖရင့်စနစ်ကို တွင်ကျယ်စွာ အသုံးပြု၍လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အဆင့်အခမ်းအနားများနှင့် အပြည်ပြည်ဆိုင်ရာအခမ်းအနားများကို ဗီဒီယိုကွန်ဖရင့် အသုံးပြု၍ တက်ရောက်ခဲ့ကြပါသည်။

တရားရုံးနည်းပညာအသုံးပြုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ခြင်း

၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အစီအစဉ်ဖြင့် တရားရုံးနည်းပညာအသုံးပြုစီမံကိန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးစာကြည့်တိုက်ရှိ စာအုပ်စာတမ်းများ၊ စာစောင်များ၊ အမိန့်/ ညွှန်ကြားချက်များ၊ ပြန်တမ်းများကို Digitize ပြုလုပ်၍ e-Library System သို့ အဆင့်မြှင့်တင်ခြင်းနှင့် စာကြည့်တိုက်စီမံခန့်ခွဲမှုစနစ် စနစ်တကျဖြစ်စေရန် Library Management System ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိဌာနအသီးသီးတွင် စနစ်တကျသိမ်းဆည်းထားရှိရန် လိုအပ်သော စာရွက်စာတမ်းများ၊ အမှုတွဲများနှင့်အမိန့်များ/စီရင်ချက်များကိုစနစ်တကျဖြင့် ကာလကြာရှည်စွာသိမ်းဆည်းထားနိုင်ရန် စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ် (Document Management System) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမှုတွဲ ထိန်းသိမ်းခန်းများတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျထိန်းသိမ်းထားရှိသည့် စီရင်ဆုံးဖြတ်ပြီးအမှုတွဲများကို Soft Copy အဖြစ် ထိန်းသိမ်းနိုင်ရန်အတွက် ရာဇဝတ်၊ တရားမ၊ စာချုန်တော်ဆိုင်ရာ အမိန့်များ၊ စီရင်ဆုံးဖြတ်ချက်များကို Digitize ပြုလုပ်ခဲ့ပါသည်။ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနက သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိသည့် ရှေ့နေရှေ့ရပ်လျှောက်ထားမှုဆိုင်ရာ စာရွက်စာတမ်းများ၊ အထောက်အထားများကို ကာလကြာရှည်စွာ စနစ်တကျထိန်းသိမ်းနိုင်ရေးနှင့် လျင်မြန်လွယ်ကူစွာ ပြန်လည်ရှာဖွေကြည့်ရှုနိုင်ရန်အတွက် Digitize ပြုလုပ်ခဲ့ပါသည်။

ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်အစီရင်ခံစာများကို လိုအပ်သကဲ့သို့ ထုတ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဝန်ထမ်းစီမံခန့်ခွဲမှုစနစ်ကိုလည်း တည်ဆောက်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ Network Operations Center (NOC) စနစ် (၁) ခုကို တည်ဆောက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် နှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၌ Network

Infrastructure များ တိုးချဲ့တည်ဆောက်ခဲ့ပါသည်။ တရားရုံးသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများနှင့် အများပြည်သူများအနေဖြင့် သတင်းအချက်အလက်များကို လွယ်ကူစွာရရှာဖွေ ကြည့်ရှုနိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ အမှုလက်ခံရေးကောင်တာနှင့် တရားခွင်ရုံးခန်းများ၏အရှေ့တွင် တရားရုံးသတင်းအချက်အလက်ဆိုင်ရာစနစ် (Court Information System – CIS) ကို ဆောင်ရွက်ထားရှိပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များအားလုံးအတွက် ဆောင်ရွက်နိုင်ရေး ဘဏ္ဍာရေးနှစ်များအလိုက် စီမံကိန်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းများသည် တရားစီရင်ရေးကဏ္ဍတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မျှော်လင့်မထားသည့်စိန်ခေါ်မှုများကြုံတွေ့စဉ်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုမှတ်တိုင်တစ်ခုဖြစ်ပါသည်။

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များထုတ်ပြန်ခြင်းစနစ်စတင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ပါ “တရားရုံးဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို အများပြည်သူလက်လှမ်းမီမှု နှင့် အများပြည်သူတို့၏ အသိအမြင်မြှင့်တင်နိုင်ရန်” ၊ တရားရုံးနှင့်ပြည်သူတို့အကြား ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်၊ တရားရုံးဆောင်ရွက်ချက်အပေါ် ပြည်သူတို့၏ယုံကြည်မှုတိုးတက်မြင့်မားစေရန်၊ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအညွှန်းကိန်း မြင့်မားရေးအထောက်အကူဖြစ်စေရန် နှင့် ကူးသန်းရောင်းဝယ်ရေးမှုခင်းများတွင် ဥပဒေကောက်ယူသုံးသပ်မှုများ ညီညွတ်မှုရှိစေရန် တို့ကိုရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို အွန်လိုင်းတွင် လွှင့်တင်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှ စတင်ကာ Denmark–Myanmar Country Programme on Rule of Law and Human Rights ၏ International Commission of Jurists အဖွဲ့နှင့် ပူးပေါင်း၍ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website တွင် တရားရုံး အဆင့်ဆင့်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များကို ၂၀၁၈ ခုနှစ်မှစတင်ဖော်ပြခဲ့ပါသည်။

အဆိုပါဆောင်ရွက်မှုကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များ ထုတ်ပြန်ခြင်းစနစ်အဖြစ် ပြောင်းလဲလွှင့်တင်နိုင်ရန်အတွက် “Commercial Judgment System: CJS” တည်ဆောက်ခဲ့ပါသည်။ တရားရုံးအဆင့်ဆင့်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များကို CJS မှတစ်ဆင့် ပေးပို့ထုတ်ပြန်လျက်ရှိပြီး ၂၀၂၁ ခုနှစ် အထိ စီရင်ချက် ၁၅၀ ဝေါင်ကို လွှင့်တင်ဖော်ပြပြီးဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အမှုစီရင်ချက်များထုတ်ပြန်ခြင်းစနစ် “CJS” အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီသည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ မှ အောက်တိုဘာလအထိ လက်ရှိလုပ်ငန်းစဉ်များကိုဆန်းစစ်ခြင်း၊ ဖြစ်နိုင်ချေများကို လေ့လာခြင်း နှင့် လုပ်ငန်းစဉ်အတွက်လိုအပ်သော တရားမမှုသေပုံစံအမှတ် ၆၂ နှင့် ၁၃၁ တို့အား ဒစ်ဂျစ်တယ်စီရင်ချက်ပုံစံများအဖြစ် ပြောင်းလဲသုံးစွဲနိုင်ရန်အတွက် စက်ံပူနိုင်ငံအခြေစိုက် LexisNexis Southeast Asia ရန်ကုန်အခြေစိုက် QS Logic Co.,Ltd “QS Logic” တို့နှင့်အတူ တရားသူကြီးများနှင့် တရားရေးအရာရှိများကို ဒစ်ဂျစ်တယ် စီရင်ချက်ပုံစံများ စမ်းသပ်သုံးစွဲစေခြင်း၊ တုန့်ပြန်ချက် နှင့် အကြံပြုချက်များရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

“CJS” စနစ် စတင်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ နိဝင်ဘာလအတွင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ e-Government ဌာနအတွက် သင်တန်းများရယူခြင်း၊ ဒီဇင်ဘာလအတွင်းတွင် တရားရုံးအဆင့်ဆင့်အား သင်တန်းများပေးခြင်း၊ “CJS” အသုံးပြုနည်းလမ်းညွှန်စာအုပ်များ ပြုစုဖြန့်ဝေခြင်း တို့အပြင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၂/၂၀၂၀) “တရားမမှုတွင် ဒစ်ဂျစ်တယ်စီရင်ချက်ပုံစံများအသုံးပြုရန် နှင့် စီရင်ချက်မိတ္တူကို သတ်မှတ်လုပ်ငန်း

စဉ်ဖြင့်ပေးပို့ရန်ကိစ္စ” တို့ကို ထုတ်ပြန်ခဲ့သည်။ “CJS” စနစ်တွင် တရားရုံးအဆင့်ဆင့်၏ တရားမမှု စီရင်ချက်များကို တရားမမှုသေပုံစံ အမှတ် ၆၂ နှင့် ၁၃၁ တို့၏ ဒစ်ဂျစ်တယ်စီရင်ချက်ပုံစံများ (Digital Templates) အသုံးပြုရေးသားခြင်း၊ သိမ်းဆည်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု၏ စီရင်ချက်မိတ္တူများပေးပို့ခြင်း နှင့် Online Platform ဖြင့် လွှင့်တင်ဖော်ပြခြင်း စသည့်လုပ်ငန်းစဉ်များပါဝင်သည်။


“ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များထုတ်ပြန်ခြင်းစနစ်” (The Commercial Judgment System: CJS) ကို မိတ်ဆက်အခမ်းအနားကို ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အွန်လိုင်းမှ ကျင်းပခဲ့ပါသည်။ ***http://cjs.usc.gov.mm/*** တွင် အဆင့်ဆင့်သော တရားရုံးများ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုစီရင်ချက်များကို ၂၀၁၄ ခုနှစ်မှ စတင်၍ ရှာဖွေလေ့လာနိုင်ပါသည်။




ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များ ထုတ်ပြန်ခြင်းစနစ် မိတ်ဆက်အခမ်းအနားကို ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဖွင့်အမှာစကားပြောကြားစဉ်



ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များ ထုတ်ပြန်ခြင်းစနစ် မိတ်ဆက်အခမ်းအနား ကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများတက်ရောက်စဉ်





http://cjs.usc.gov.mm/ တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အဆင့်ဆင့်သောတရားရုံးများ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှု စီရင်ချက်များကို ဖော်ပြထားစဉ်

သီးသန့်တရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်း နှင့် ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများပိတ်သိမ်းခြင်း

နိုင်ငံတော်အား အရေးပေါ်အခြေအနေ[၄] ကြေညာပြီးနောက်ပိုင်း တရားရုံးအသီးသီးသို့ စွဲဆိုတင်ပို့လာသည့်မှုခင်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးအခြေအနေအရ ရုံးရှေ့သို့တင်ပို့ရန်အခက်အခဲရှိသော အချုပ်တရားခံပါရာဇဝတ်မှုများအတွက် တရားစီရင်ရေးအဆင်ပြေချောမွေ့စေရန်လည်းကောင်း၊ အမှုများကြန့်ကြာမှုမရှိစေရန်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးသန့်တရားရုံးများဖွဲ့စည်း၍ စစ်ဆေးစီရင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ မြို့နယ်တရားရုံးများ၌ သီးသန့်တရားရုံးများသို့ စွဲဆိုတင်ပို့ခဲ့သော အမှုများအနက် ၅၁၁၃ မှု စစ်ဆေးပြီးပြတ်ခဲ့ရာ တစ်နိုင်ငံလုံးရာဇဝတ်မှုစစ်ဆေးပြီးပြတ်မှုအရေအတွက်၏ ၂.၄ % စစ်ဆေးပြီးပြတ်ခဲ့ပါသည်။ သီးသန့်တရားရုံးများတွင် ရုံးထိုင်စစ်ဆေးခဲ့သည့် အမှုအရေအတွက်ကို **နောက်ဆက်တွဲ (ဂ)** ဖြင့်လည်းကောင်း၊ သီးသန့်တရားရုံးထိုင်စစ်ဆေးခဲ့သော တရားသူကြီးဦးရေကို **နောက်ဆက်တွဲ (ဂ-၁)** ဖြင့် လည်းကောင်း ဖော်ပြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက်ပိုင်းတွင် အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုထားသည့် ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများကို ပိတ်သိမ်းရန်အမိန့်များ [၅] ထုတ်ပြန်ကြေညာခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အမိန့်ငါးခုအရ တရားရုံးက ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် သက်ဆိုင်ရာတရားရုံးများတွင်စွဲဆိုခံရပြီး ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပိတ်သိမ်းခဲ့ပြီး၊ တရားခံများအားအမှုမှလွှတ်ခဲ့ပါသည်။ ပိတ်သိမ်းခဲ့သောအမှုအရေအတွက် နှင့် လွှတ်ခဲ့သောတရားခံများစာရင်း ကို **နောက်ဆက်တွဲ (ဃ)** ဖြင့် ဖော်ပြပါသည်။

စွဲဆိုထားသည့် ကြားနာစစ်ဆေးဆဲ ရာဇဝတ်မှုများကို ပိတ်သိမ်းရန်အမိန့်များအရ တရားရုံးအသီးသီးမှ ပိတ်သိမ်းခဲ့သော ရာဇဝတ်မှုစုစုပေါင်း ၃၀၁၉၆ မှု ဖြစ်ပြီး ၊ တစ်နိုင်ငံလုံးရာဇဝတ်မှုပြီးပြတ်မှုအရေအတွက်၏ ၁၄.၂ %

---

[၄] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ နိုင်ငံတော် သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမှတ် ၁/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁။

[၅] နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၄၇/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၀။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၇၂/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၁။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၈၅/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၅။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၈၇/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၈။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၉၇/၂၀၂၁ ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၀။

ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အစီရင်ခံသည့်ကာလအတွင်း တစ်နိုင်ငံလုံး၏ ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု ပြီးပြတ်နှုန်းသည် ၁၁၄% ဖြစ်ရာ ယခင်နှစ်ပြီးပြတ်မှုနှုန်း ၉၈% ထက် ၂၆% တိုးမြင့်လာကြောင်း စိစစ်တွေ့ရှိရပါသည်။

တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

စမ်းသပ်အစီအစဉ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစတင်၍ ဒကွိဏာခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံးတို့တွင် အကောင်အထည်ဖော်ခဲ့သည်။ ၂၀၂၀ ခုနှစ် ၊ မတ်လ ၁ ရက်နေ့တွင် ဒကွိဏာခရိုင်အတွင်းရှိ မြို့နယ်တရားရုံးအားလုံး၌လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတရားရုံးအားလုံး နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်တရားရုံးအားလုံးတို့တွင် နှစ်အလိုက် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ယင်းတရားရုံးအသီးသီးမှ လွှဲအပ်သောတရားမမှုများအား တရားရုံးစေ့စပ်ဖြေရှင်းရေးဌာနအသီးသီးက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

စေ့စပ်ဖြေရှင်းရေးဌာနများ

ဒကွိဏာခရိုင်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန

ဒကွိဏာခရိုင်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန ရုံးခန်းအမှတ်(၁)ကို ဒကွိဏာခရိုင်တရားရုံး ဒုတိယထပ်တွင် ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး၊ ဒကွိဏာခရိုင်တရားရုံးက လွှဲအပ်သောတရားမမှုများကို လည်းကောင်း၊ ၂၀၂၀ ပြည့် နှစ်၊ မတ်လ ၁ ရက်နေ့တွင် ရုံးခန်းအမှတ်(၂) ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး၊ ဒကွိဏာခရိုင်အတွင်းရှိ ပျဉ်းမနားမြို့နယ်တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ ဇမ္ဘူသီရိမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဥတ္တရသီရိမြို့နယ်တရားရုံးနှင့် ဒကွိဏာသီရိမြို့နယ်တရားရုံးတို့က လွှဲအပ်သောတရားမမှုများကို လည်းကောင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



ဒကွိဏာခရိုင်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန

တောင်ငူခရိုင်နှင့်မြို့နယ်တရားရုံး စေ့စပ်ဖြေရှင်းရေးဌာန

တောင်ငူခရိုင်နှင့်မြို့နယ်တရားရုံး စေ့စပ်ဖြေရှင်းရေးဌာနကို တောင်ငူမြို့နယ်တရားရုံးတွင် ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး၊ တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့က လွှဲအပ်သော တရားမမှုများကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန

တပ်ကုန်းမြို့နယ်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန

တပ်ကုန်းမြို့နယ်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာနကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့က တပ်ကုန်းမြို့နယ် တရားရုံးတွင် စတင်ဖွင့်လှစ်ခဲ့၍ တပ်ကုန်းမြို့နယ်တရားရုံးက လွှဲအပ်သောတရားမမှုများကိုလည်းကောင်း ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစတင်၍ ရမည်းသင်းခရိုင်တရားရုံး၊ ရမည်းသင်းမြို့နယ် တရားရုံးနှင့် ပျော်ဘွယ်မြို့နယ် တရားရုံးတို့က လွှဲအပ်သောတရားမမှုများကိုလည်းကောင်း စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



တပ်ကုန်းမြို့နယ်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနကို ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်ဝင်းအတွင်းတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိတရားရုံးများ (ကိုကိုးကျွန်းမြို့နယ်တရားရုံးမှအပ) က လွှဲအပ်သောတရားမမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန


မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနကို မန္တလေးခရိုင်တရားရုံး စတုတ္ထထပ်တွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ (ရမည်းသင်းခရိုင်နှင့်ဒကွိုဏ်ခရိုင်အတွင်းရှိတရားရုံးများမပါ) က လွှဲအပ်သောတရားမမှုများကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအခါ စေ့စပ်ဖြေရှင်းရေးဌာနကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အဦသစ်တွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှစတင်၍ ပြောင်းလဲဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။ စေ့စပ်ဖြေရှင်းရေးဌာနများ၏ တည်နေရာစာရင်းအား **နောက်ဆက်တွဲ (ခ)** တွင် ဖော်ပြထားသည်။



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန

စမ်းသပ်အစီအစဉ်၏ရလဒ်

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စေ့စပ်ဖြေရှင်းရေးဌာနအသီးသီးတွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သော အမှုအရေအတွက်စုစုပေါင်းမှာ ၁၁၈၉ မှုဖြစ်ပြီး၊ စေ့စပ်ဖြေရှင်းရေးအောင်မြင်မှုရာခိုင်နှုန်းမှာ ၂၈.၁% ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာနသည် ၂၀၂၁ ခုနှစ်အတွင်း စေ့စပ်ဖြေရှင်းရေးအောင်မြင်မှု ရာခိုင်နှုန်း ၃၆.၃ % ဖြင့် အောင်မြင်မှုရာခိုင်နှုန်း အမြင့်ဆုံးဆောင်ရွက်ခဲ့သည်။



၂၀၂၁ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဖြစ်ပေါ်မှု အခြေအနေကြောင့် စေ့စပ်ဖြေရှင်းရေးဌာနများတွင် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရသော်လည်း၊ အောက်တိုဘာလမှစတင်၍ လုပ်ငန်းများပုံမှန်ပြန်လည် လည်ပတ်ဆောင်ရွက်နိုင်ခဲ့သည်။

အများပြည်သူအသိပညာပေးအစီအစဉ်ဆောင်ရွက်ခြင်း

ယင်းသို့ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများ ခေတ္တရပ်နားကြန့်ကြာနေရသည့်ကာလတွင် စမ်းသပ်အစီအစဉ် တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ တရားရေးဦးစီးမှူးနှင့် စေ့စပ်ဖြေရှင်းရေးဌာနတာဝန်ခံတို့သည် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ပြီး၊ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ခဲ့သည်။



တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်နေစဉ်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုအခြေအနေအရ လူချင်းတွေ့ဆုံရန် ခက်ခဲသည့် အခြေအနေတွင် စေ့စပ်ဖြေရှင်းရေးဌာနများ၊ တရားရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများသည် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅ ကြိမ်ကို ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပပြီး၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့် အခက်အခဲများ၊ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



စေ့စပ်ဖြေရှင်းရေးဌာနများ၊ တရားရုံးများ၊လုပ်ငန်းကော်မတီ နှင့်လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်ဖြင့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်

သင်တန်းများဖွင့်လှစ်ပို့ချခြင်း

၂၀၂၂ ခုနှစ်တွင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို နိုင်ငံတစ်ဝန်းတိုးချဲ့ ဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ဖြေရှင်းရေးအရာရှိသင်တန်း (၃) ကြိမ်အား ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးက ဗီဒီယိုကွန်ဖရင့်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး အောင်မြင်စွာတက်ရောက်ခဲ့သည့် တရားသူကြီးများ နှင့် တရားရေးအရာရှိများ စုစုပေါင်း ၄၂၁ ဦးအား သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် e-certificate ပေးအပ်ခဲ့သည်။



၂၀၂၁ ခုနှစ် စေ့စပ်ဖြေရှင်းရေးအရာရှိသင်တန်း သင်တန်းပို့ချစဉ်



၂၀၂၁ ခုနှစ် စေ့စပ်ဖြေရှင်းရေးအရာရှိသင်တန်း သင်တန်းသားများ တက်ရောက်စဉ်

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် " တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ " အား ၁၁-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၅၈/၂၀၂၁) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည့် အတွက် ၂၀၂၂ ခုနှစ်၌ "တရားမမှုများတွင်တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်" အဖြစ် ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်သည်။


နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program-NCMP) အကောင်အထည် ဖော်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ မဟာ ဗျူဟာလုပ်ငန်းနယ်ပယ် ၅ - ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စ ရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင်မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင် အထည်ဖော်လျက်ရှိရာ ၂၀၂၁ ခုနှစ်တွင် တရားရုံးစုစုပေါင်း ၁၀၅ ရုံး၌ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (National Case Management Program-NCMP) တွင် အပိုင်း (၅) ပိုင်းပါရှိပြီး အပိုင်း(၁) တရားမျှတမှုလက်လှမ်းမီခြင်း ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း ၊ အစီအစဉ် အတွက် စီမံခန့်ခွဲခြင်း၊ အပိုင်း(၂) တရားရုံးစစ်တမ်းကောက်ယူခြင်း၊ အပိုင်း(၃) မှုခင်းစီမံခန့်ခွဲမှုစနစ်၊ အပိုင်း(၄) မှုခင်း ခြေရာကောက်စနစ်နှင့် အပိုင်း (၅) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း တို့ပါဝင်ပါသည်။ ၂၀၂၁ ခုနှစ်၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် မှုခင်းစီမံခန့်ခွဲမှုကော်မတီက ကြီးမှူး၍ တရားရုံးဝန်ဆောင်မှုသင်တန်း၊ တရားရုံးစစ်တမ်းများကောက်ယူခြင်းသင်တန်း၊ မှုခင်းစီမံခန့်ခွဲမှု သင်တန်း ၊ မှုခင်းခြေရာကောက်စနစ်သင်တန်းများကို ဗီဒီယိုကွန်ဖရင့်ဖြင့် (၈)ကြိမ်ကျင်းပခဲ့ကာ တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ တရားရုံးအဆင့်ဆင့်မှ အရာရှိ (၁၁၆) ဦး နှင့် တရားရုံးဝန်ထမ်း (၂၂၉) ဦး၊ စုစုပေါင်း (၃၄၅) ဦး ကို သင်တန်းပို့ချပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက် များနှင့်အညီ ဖွင့်လှစ်ခဲ့သည့် တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာသင်တန်း၊ မှုခင်းစီမံခန့်ခွဲမှု

ဆိုင်ရာလုပ်ထုံးလုပ်နည်းသင်တန်းများကို တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် (၂)ကြိမ် ကျင်းပနိုင်ခဲ့ပြီး အရာရှိ နှင့် တရားရုံးဝန်ထမ်း စုစုပေါင်း (၅၂) ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

မှုခင်းစီမံခန့်ခွဲမှုစနစ်အရ မှုခင်းများစစ်ဆေးပြီးပြတ်မှုများကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ရုံးချိန်းသေချာမှုများ ပိုမိုရရှိနိုင်သဖြင့် အမှုတွင်ပါဝင်သည့်အမှုသည်များ၊ ရှေ့နေများ၊ တရားစွဲအဖွဲ့များအနေဖြင့် တရားရုံးသို့ လာရောက်ရသည့်ရုံးချိန်းတိုင်း အမှုတိုးတက်မှုများကိုဆောင်ရွက်နိုင်ရန်သေချာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည့်အပြင် မှုခင်းသတင်းအချက်အလက် ကောက်ယူနိုင်မှု တိကျသေချာခြင်း၊ ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိတရားရုံးများ၏ မှုခင်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်စွာဆောင်ရွက်ပြီးစီးစေ၍ မှုခင်းကြန့်ကြာခြင်းများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးလျက်ရှိသည့် တရားရုံးများ၏ မှုခင်းသတင်းအချက်အလက်များကို ဤအစီရင်ခံစာ အပိုင်း(၄) “မဟာဗျူဟာစီမံကိန်းစတုတ္ထနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်မှုများ” တွင် ဖော်ပြထားပါသည်။




၂၀၂၁ ခုနှစ် အတွင်း တိုင်းဒေသကြီး/ပြည်နယ် အလိုက် တိုးချဲ့ အကောင်အထည်ဖော်သည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ ခရိုင်တရားရုံးများ (၂၂) ရုံး မြို့နယ်တရားရုံးများ (၈၃) ရုံး စုစုပေါင်း (၁၀၅) ရုံး

လူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

လူစွမ်းအားအရင်းအမြစ်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများတွင် တရားသူကြီးအဖြစ်တာဝန်ထမ်းဆောင်ရန် စီရင်ပိုင်ခွင့်အာဏာအရပ်ရပ်ကိုအပ်နှင်းခြင်း၊ တာဝန်ဝတ္တရားများသတ်မှတ်ခြင်းတို့ ပြုလုပ်ပါသည်။ ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တရားရုံးအဆင့်ဆင့်တွင်တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ / တရားသူကြီး ၁၂၇၀ ဦးနှင့် ရုံးဝန်ထမ်း ၃၇၀၄ ဦးရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တရားရေးအရာရှိများနှင့်

ရုံးဝန်ထမ်းများ၏ ရာထူးအလိုက်အင်အားစာရင်းကို **နောက်ဆက်တွဲ (c)** အဖြစ်လည်းကောင်း၊ ပြုန်းတီးသွားသည့် ဝန်ထမ်းအင်အားစာရင်းကို **နောက်ဆက်တွဲ (စ)** အဖြစ်လည်းကောင်းဖော်ပြထားပါသည်။



ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းရောဂါကူးစက်ခံရမှု

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားသူကြီးများ/တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ ရောဂါကူးစက်ခံရမှုမရှိစေရေးအတွက် Coronavirus Disease 2019 (Covid 19) ကာကွယ်ထိန်းချုပ်ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို တရားရုံးအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေခဲ့ပြီး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တိကျစွာလိုက်နာဆောင်ရွက်ရေး၊ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်စေရေး၊ ဝန်ထမ်းများ မလိုအပ်ဘဲ ခရီးသွားလာခြင်းများမရှိစေရေးတို့ကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အရာထမ်း၊ အမှုထမ်းများအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေး (၂) ကြိမ်ထိုးနှံနိုင်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တရားသူကြီး/တရားရေးအရာရှိ (၁၅) ဦး နှင့် တရားရုံးဝန်ထမ်း (၅၀) ဦး တို့အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပါသည်။ တရားသူကြီး/တရားရေးအရာရှိ (၈၈) ဦး နှင့် တရားရုံးဝန်ထမ်း (၁၂၃) ဦးတို့အား ရောဂါပျံ့နှံ့မှု ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ Quarantine Centre များနှင့် နေအိမ်များတွင် သီးခြားနေထိုင်စေခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်းသည် ယခင်နှစ်ကထက် ၄ ဆခန့်ပိုမိုများပြားခဲ့သော်လည်း ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကြောင့် တရားရုံးအဆင့်ဆင့်ရှိ အရာထမ်းအမှုထမ်းများ၏ ရောဂါကူးစက်ခံရမှုနှုန်းသည် ယခင်နှစ်ကထက် သိသာစွာများပြားလာခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

လေ့ကျင့်သင်ကြားပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ

ပြည်သူအများ ယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးအတွက် တရားသူကြီးများ နှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း တရားရေးအရာရှိအဆင့် (၄)၊ ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၉) ကို အွန်လိုင်းအသုံးပြု၍ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဒုတိယမြို့နယ်တရားသူကြီး

(၈၀) ဦးတို့အား အောင်မြင်စွာ သင်ကြားပို့ချပေးခဲ့ပါသည်။ အဆိုပါသင်တန်း၏ သင်တန်းဆင်းပွဲ ၊ ဂုဏ်ပြုဆု ချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်းအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဒုတိယ မြို့နယ်တရားသူကြီးအသစ်များ သင်တန်းပြီးမြောက်ပြီးနောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများရှေ့မှောက်တွင် အွန်လိုင်းမှကျမ်းသစ္စာပြု၍ ဒုတိယမြို့နယ်တရားသူကြီး များအဖြစ် ခန့်အပ်ခဲ့ပါသည်။





ဒုတိယမြို့နယ်တရားသူကြီးများ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျမ်းသစ္စာပြုစဉ်



ဒုတိယမြို့နယ်တရားသူကြီးများ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျမ်းသစ္စာပြုစဉ်

အခြားကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ တရားရုံးများတွင် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများအတွက် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဆင့်စာလုလင်သင်တန်း၊ ဘတ်ဂျက်/ ငွေစာရင်း နှင့် စီမံခန့်ခွဲမှု သင်တန်း၊ တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာသင်တန်း စသည့် သင်တန်းစုစုပေါင်း (၂၉) ခုကို တရားရေးအရာရှိ / တရားသူကြီး (၂၀) ဦး နှင့် တရားရုံးဝန်ထမ်း (၅၂၈) ဦးတို့အား လေ့ကျင့်သင်ကြားပေးနိုင် ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)အရ ၂၀၁၈ ခုနှစ်မှ စတင်၍ NCMP ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် ယင်းအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်တရားရုံးများအတွက် တရားရုံးဝန်ဆောင်မှုသင်တန်း၊ တရားရုံးစစ်တမ်းများကောက်ယူခြင်းသင်တန်း၊ မှုခင်းစီမံခန့်ခွဲမှုသင်တန်း၊ မှုခင်းခြေရာကောက်စနစ်သင်တန်းများကို ဗီဒီယိုကွန်ဖရင့်ဖြင့် (၈) ကြိမ်ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တရားရုံးအဆင့်ဆင့်မှ အရာရှိ နှင့် တရားရုံးဝန်ထမ်း စုစုပေါင်း (၃၄၅) ဦး ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၂ ခုနှစ်တွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို နိုင်ငံတစ်ဝန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ဖြေရှင်းရေးအရာရှိ သင်တန်းကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် (၃) ကြိမ်ဖွင့်လှစ်ပို့ချခဲ့ပြီး တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၄၂၁ ဦး တက်ရောက်ခဲ့ကြပါသည်။


အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ (Working Group II) အဖွဲ့ဝင်များနှင့် JICA မှ အဖွဲ့ဝင်များ ဗီဒီယိုကွန်ဖရင့်ဖြင့်တွေ့ဆုံပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။

ပညာတော်သင်များစေလွှတ်ခြင်း၊အဆင့်မြှင့်ပညာများဆက်လက်သင်ကြားစေခြင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၁ ခုနှစ်အတွင်း ပြည်တွင်းတက္ကသိုလ်များတွင် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး (၅) ဦး၊ နိုင်ငံခြားပညာတော်သင်အစီအစဉ်ဖြင့် ဥပဒေပါရဂူဘွဲ့သင်တန်းသို့ တရားသူကြီး(၂)ဦး၊ မဟာဥပဒေဘွဲ့သင်တန်းသို့ တရားသူကြီး (၃) ဦးတို့ တက်ရောက်စေလျက်ရှိပါသည်။





ပညာသင်
ဥပဒေပါရဂူ - (၂) ဦး(ပြည်ပ)
ဥပဒေပါရဂူ - (၅) ဦး(ပြည်တွင်း)
မဟာဥပဒေဘွဲ့ - (၃) ဦး(ပြည်ပ)

တရားရုံးများအဆင့်မြှင့်တင်ခြင်းနှင့်တရားသူကြီးများ၊တရားရုံးဝန်ထမ်းများ၏နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ခြင်း

တရားရုံးအသစ်များဆောက်လုပ်ခြင်း

အစီရင်ခံသည့် ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College I အဆောက်အဦဆောက်လုပ်ပြီးစီးခဲ့ပါသည်။ Judicial College II အဆောက်အဦကို ဆောက်လုပ်ဆဲဖြစ်ပြီး Extra Work လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် (၃) ထပ် အာရ်စီ၊ ၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် Extra Work ၊ ဧရယျာသီရိမြို့နယ်တရားရုံး၊ ပန်းတောင်းမြို့နယ်တရားရုံး၊ ဒေါပုံမြို့နယ်တရားရုံး၊ ဒဂုံမြို့သစ်

(တောင်ပိုင်း) မြို့နယ်တရားရုံး ၊ ကုန်းကြမ်းမြို့နယ်တရားရုံးတို့ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ အမှတ် (၁) ပန်းဆိုးတန်းလမ်း နှင့် ကမ်းနားလမ်းထောင့်ရှိ၊ ကျောက်တံတားမြို့နယ်တရားရုံး၊ (၃) ထပ် အဆောက်အဦ၏ ပြူတင်းပေါက်များ၊ လှေကားများပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။



မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်



ခရုံမြို့သစ် (တောင်ပိုင်း) မြို့နယ် တရားရုံး

ချင်းပြည်နယ်တရားလွှတ်တော် (၃)ထပ် အာရုံစိုက်၊ မွန်ပြည်နယ်တရားလွှတ်တော် (၃) ထပ် အာရုံစိုက်၊ ဥတ္တရ ခရိုင်တရားရုံး၊ ကန့်ဘလူခရိုင်နှင့်မြို့နယ်တရားရုံး၊ ထန်းတပင်မြို့နယ်တရားရုံး၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး၊ လပွတ္တာမြို့နယ်တရားရုံး၊ မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးများကို ဆောက်လုပ်ဆဲ ဖြစ်ပါသည်။

ဧရာဝတီရိုးမြို့နယ်တရားရုံး၊ မချမ်းဘောမြို့နယ်တရားရုံး၊ ဒီမောဆိုမြို့နယ်တရားရုံး၊ ပင်လည်ဘူး မြို့နယ်တရားရုံး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်တရားရုံး၊ ကြိုပင်ကောက်မြို့နယ်တရားရုံး၊ အောင်လံမြို့နယ် တရားရုံး၊ မွန်ပြည်နယ်တရားလွှတ်တော်အဂိါရပ်နှင့်အညီ အထူးအချောသတ်လုပ်ငန်းများ နှင့် Extra Work ၊ မုဒုံမြို့နယ်တရားရုံး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ကျောက်တံတားမြို့နယ်တရားရုံး (၃)ထပ် အဆောက်

အဦအကြီးစားပြုပြင်ခြင်း၊ သန်လျင်မြို့နယ်တရားရုံး၊ ငပုတောမြို့နယ်တရားရုံး ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းအိမ်ရာအသစ်များဆောက်လုပ်ခြင်း

ဝန်ထမ်းများသက်သာချောင်ချိရေး၊ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကိုလည်း ဖြည့်တင်းဆောက်လုပ်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း သဃ်နိန်းကျွန်းမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ (၈)ခန်းတွဲ (၆)ထပ် ကို ဆက်လက်ဆောက်လုပ်လျက်ရှိပါသည်။

တရားရုံးလုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လက်အောက်တရားရုံးများ၏ တရားစီရင်ရေးလုပ်ငန်းနှင့် တရားရုံးလုပ်ငန်းများကိုလည်းကောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုတို့ကိုလည်းကောင်း ကြီးကြပ်ဆောင်ရွက်ပါသည်။ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်းနှင့် တာဝန်ထမ်းဆောင်ရာတွင်မှားယွင်းမှုတို့အတွက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သောအရေးယူဆောင်ရွက်မှုပြုလုပ်ပါသည်။

ထို့အပြင်တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူတိုင်ကြားမှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အခြားဝန်ကြီးဌာနများမှတစ်ဆင့် ပေးပို့တိုင်ကြားမှုများကိုလည်း နည်းလမ်းတကျစိစစ်၍ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးအဖွဲ့သည် တိုင်ကြားစာ အမျိုးအစားအလိုက် စာရင်းရေးသွင်း၍ ကနဦးစိစစ်ပါသည်။ တိုင်ကြားစာတွင် တိုင်ကြားသူ၏ လိပ်စာမှန်ကန်စွာဖော်ပြ၍ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်မဟုတ်သည့် တရားရုံး၏ ဆောင်ရွက်မှုအပေါ် တိုင်ကြားစာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး ဦးဆောင်သည့် တိုင်ကြားစာစိစစ်ပြန်ကြားရေး ကော်မတီက စုံစမ်းစစ်ဆေးပြီးအရေးယူဆောင်ရွက်ပါသည်။

၁-၁-၂၀၂၁ မှ ၃၁-၁၂-၂၀၂၁ ရက်နေ့အထိ လက်ခံရရှိခဲ့သည့်တိုင်ကြားစာ (၈၂၅) စောင်တွင် (၈၁၅) စောင် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး၊ ကျန်တိုင်ကြားစာ (၁၀) စောင်မှာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲဖြစ်ပါသည်။ စုံစမ်းစစ်ဆေးချက်အရ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန်တိုင်ကြားစာ (၄၇၁) စောင်နှင့် တိုင်တန်းမှု မမှန်ကန်သည့်တိုင်ကြားစာ(၃၄၄) စောင်ကို ပိတ်သိမ်းခဲ့ပါသည်။

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	စုံစမ်းစစ်ဆေး ဆောင်ရွက်မှု			
		စုံစမ်းစစ်ဆေးမှု ပြုလုပ်ဆဲ	တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် ပိတ်သိမ်းခြင်း	တိုင်တန်းမှု မမှန်ကန်၍ ပိတ်သိမ်းခြင်း	အရေးယူပြီး ပိတ်သိမ်းခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများဌာနကြီး	၇၉	၅	၇၄	-	-

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်	၁၇	၁	-	၁၆	-
အခြားဝန်ကြီးဌာနများ	၇	၁	၆	-	-
ပြည်ထောင်စုတရားသူကြီးချုပ်ထံ လိပ်မူမိတ္တူပေးပို့သည့်စာ	၇၂၂	၃	၃၉၁	၃၂၈	-
	၈၂၅	၁၀	၄၇၁	၃၄၄	-

ထို့အပြင် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ လုပ်ထုံးလုပ်နည်းမလိုက်နာခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း တို့အတွက် အရေးယူဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိ / တရားသူကြီး (၁၁၂) ဦး၊ ရုံးဝန်ထမ်း (၄၁၄) ဦး၊ စုစုပေါင်း (၅၂၆) ဦးတို့အား ရာထူးအလိုက် ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့မှု အခြေအနေကို **နောက်ဆက်တွဲ (ဆ)** တွင် ဖော်ပြထားပါသည်။

ရှေ့နေအဖြစ်စာရင်းတင်သွင်းခွင့်ပြုခြင်းနှင့်ကြီးကြပ်ကွပ်ကဲအရေးယူခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေနှင့် အလုပ်သင်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန်လျှောက်ထားသည့် လျှောက်လွှာများကို ရှေ့နေရှေ့ရပ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ပြီး ညီညွတ်သူများအား ၂၀၂၁ ခုနှစ်အတွင်း ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသူ (၃၀၈) ဦးအား အလုပ်သင်သင်ကြားခွင့်ပြုခြင်း၊ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန်လျှောက်ထားသူ (၉၀၀)ဦး အနက် စာရင်းတင်သွင်းခွင့်ပြုသူ (၅၀၅) ဦး နှင့် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသူ (၈၆၆) ဦး တို့အား ရှေ့နေလိုင်စင်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ အထက်တန်းရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေလိုင်စင်စာရင်းတင်သွင်းခွင့်ပြု ရရှိသူများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website https://www.unionsupremecourt.gov.mm/ မှ တစ်ဆင့်ကြေညာအသိပေးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရှေ့နေအဖြစ် စာရင်းတင်သွင်း လိုက်ပါဆောင်ရွက်ခွင့်ပြုထားသူများအား ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်းရှိမရှိကိုလည်းကောင်း၊ တည်ဆဲဥပဒေအရပ်ရပ်ကို လေးစားလိုက်နာခြင်း ရှိ မရှိကိုလည်းကောင်း၊ အစဉ်တစိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူပေးရန် တိုင်စာ (၇၂) စောင် လက်ခံရရှိခဲ့ပါသည်။

တိုင်ကြားစာများအပေါ် ကနဦး စိစစ်တွေ့ရှိချက်နှင့် စုံစမ်းစစ်ဆေးမှု ပေါ်ပေါက်ချက်များအရ ဆက်လက်အရေးယူဆောင်ရွက်ရန်အကြောင်း မပေါ်ပေါက်သည့် တိုင်ကြားစာ (၅၇) စောင်အား ပိတ်သိမ်းခဲ့ ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် ဆောင်ရွက်ဆဲစုံစမ်းစစ်ဆေးမှုများမှာ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ခြင်းအတွက် တိုင်ကြားစာ (၂၅) စောင်၊ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းအတွက် တိုင်ကြားစာ (၄၇) စောင် ဖြစ်ပါသည်။

စုံစမ်းစစ်ဆေးမှုနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားရယူပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အစည်းအဝေးသို့တင်ပြ၍ တရားလွှတ်တော်ရှေ့နေ (၁၄) ဦးအား လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အစည်းအဝေးသို့ တင်ပြ၍ အထက်တန်းရှေ့နေ (၁၁) ဦးအားလည်းကောင်း အရေးယူခဲ့ပါသည်။ တရားလွှတ်တော်ရှေ့နေ (၆) ဦး ၊ အထက်တန်းရှေ့နေ (၄) ဦးတို့အား အမှုလိုက်ပါခွင့်ဆိုင်းငံ့ခြင်း၊ တရားလွှတ်တော်ရှေ့နေ (၂) ဦး၊ အထက်တန်း ရှေ့နေ (၇) ဦး တို့အား ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်း/ထုတ်ပစ်ခြင်း၊ တရားလွှတ်တော်ရှေ့နေ (၆) ဦးတို့အား သတိပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများ အမှုလိုက်ပါခွင့်၊ ရှေ့နေကိုယ်စားလှယ်လွှဲစာ လျှောက်ထားလွှာ၊ လျှောက်လဲချက်စသည့် စာရွက်စာတမ်းများတင်သွင်းရာတွင် လိုက်နာဆောင်ရွက်ရန်ကြေညာ ချက်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မပြုသည့် တရားလွှတ်တော် ရှေ့နေ (၃) ဦး နှင့် အထက်တန်းရှေ့နေ (၁) ဦးတို့အား သတိပေးခဲ့ပါသည်။

ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၈) ဦး၊ အမှုသည်များနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သူ (၄) ဦး၊ ၊ ရာဇဝတ်ကြောင်း အရ ပြစ်ဒဏ်ချမှတ်ခံရသူ (၁၃) ဦး ဖြစ်ပါသည်။

တရားလွတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် တိုင်ကြားစာအရေအတွက်နှင့် အရေးယူဆောင်ရွက်မှုအခြေအနေ

ပေးပို့သည့်ဌာန	ရရှိသည့် တိုင်စာ	ဆောင်ရွက်ဆဲ		အရေးယူခံရသည့် ပြစ်ဒဏ်အမျိုးအစားနှင့် ရှေ့နေ အရေအတွက်			ဆက်လက်အရေးယူ ဆောင်ရွက်ရန် အကြောင်းမပေါ် ပေါက်၍ပိတ်သိမ်းခြင်း
		စုံစမ်းစစ်ဆေးမှု ဆောင်ရွက်	ပြစ်မှုကြောင်း အရ အရေးယူမှု ဆောင်ရွက်	ထုတ်ပစ်/ ထုတ်ပယ်	ရပ်ဆိုင်း	သတိပေး	
ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့သည့်စာ	၃၀	၇	၉	၇	၂	-	၂၇
ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်/ အခြားဌာနများ	-	၁	-	-	-	-	-
အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်	၁၂	၇	-	-	၂	-	၁၈
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်	၂	-	-	-	-	-	၂
နိုင်ငံတော်သမ္မတရုံး၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ	၁	-	-	-	-	-	၁
ဥပဒေရေးရာဝန်ကြီးဌာန	-	၁	-	-	-	၁	-
တရားလွှတ်တော် ရှေ့နေများကောင်စီမှ ပေးပို့သည့်စာ	၃	၃	-	-	၁	-	၁၁
ပြည်နယ်/တိုင်းဒေသကြီး တရားရေးဦးစီးမှူးများမှ တစ်ဆင့်ပေးပို့သည့်စာ	၂၃	၅	၃၈	၂	၅	၅	၅
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ	၁	-	-	-	-	-	၁
ပြည်ထဲရေးဝန်ကြီးဌာန	-	၁	-	-	-	-	-
စုစုပေါင်း	၇၂	၂၅	၄၇	၉	၁၀	၆	၅၇

ရှင်းလင်းချက်။ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေသည့် အမှုများတွင် ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်/ အခြားဌာနများ၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ယခင်နှစ်များက လွှဲပြောင်းလက်ခံရရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေအား **နောက်ဆက်တွဲ (၈)** တွင်ဖော်ပြထားပါသည်။

ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်လျှောက်ထားသူ (၈၆၆) ဦးအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပထမအကြိမ် ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် အစီရင်ခံသည့်ကာလအတွင်း ၂၀၂၁ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ (၁၅၆) ဦး၊ ၂၀၂၁ ခုနှစ်၊ ဧန်နဝါရီလ ၂၇ ရက် နေ့တွင် တတိယအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ (၁၅၄) ဦး၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နေ့တွင် စတုတ္ထအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ (၂၆၁) ဦးနှင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် နေ့တွင် ပဉ္စမအကြိမ်အဖြစ် တရားလွှတ်တော်ရှေ့နေ (၂၉၅) ဦးတို့အား ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းများဆောင်ရွက်ခဲ့ပါသည်။



၂၁-၁၂-၂၀၂၁ ရက်နေ့ ပဉ္စမအကြိမ် ဗီဒီယိုကွန်ဖရင့်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပစဉ်

ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေးဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ၆၈ တို့နှင့်အညီ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့အတွက် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အကျဉ်းထောင်(၃)ခုသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ နှင့် တရားလွှတ်တော်တရားသူကြီးများသည် အကျဉ်းထောင် (၁၅) ခု၊ ရဲဘက်စခန်း (၉) ခု နှင့် ရဲတပ်ဖွဲ့အချုပ်စခန်း (၅၇) ခု တို့အားလည်းကောင်း၊ ခရိုင်အဆင့်တရားသူကြီးများသည် အကျဉ်းထောင်(၈) ခု နှင့် ရဲတပ်ဖွဲ့ အချုပ်စခန်း (၁၄၈) ခု သို့လည်းကောင်း သွားရောက်စစ်ဆေး၍ အကျဉ်းသားနှင့် အချုပ်သားများအတွက် လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရုံးသုံးသင်းအကျဉ်းထောင်တွင် စစ်ဆေးကြည့်ရှုစဉ်

နိုင်ငံတော်ဘဏ္ဍာငွေသို့ တရားရုံးများမှ ကောက်ခံပေးသွင်းသည့် ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိခြင်း

ရုံးခွန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့်သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တရားရုံးများ	ရုံးခွန်ရရှိငွေ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်	၂၀၅၃၈၅၄၇၂ ကျပ်
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ	၁၂၈၈၆၉၄၅၄.၅၀ ကျပ်
ခရိုင်တရားရုံးများ	၉၂၉၀၁၂၃၄၈.၅၅ ကျပ်
မြို့နယ်တရားရုံးများ	၁၂၃၀၀၉၀၉၆.၇၇
စုစုပေါင်း	**၁၃၈၆၂၇၆၃၇၁.၈၂ ကျပ်**

ဒဏ်ငွေ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နှစ်စဉ်ထုတ်ပြန်သည့်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသောဒဏ်ငွေများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရငွေများအဖြစ် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းပါသည်။

တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသောရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် ဒဏ်ငွေတပ်သည့်အမှုများ ပါဝင်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်က တပ်ရိုက်သည့်ဒဏ်ငွေနှင့် ကောက်ခံရရှိသည့် ဒဏ်ငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တရားရုံးများ	တပ်ရိုက်ဒဏ်ငွေ	ကောက်ခံရဒဏ်ငွေ	ယခင်ကာလအပါအဝင် ကြွေးကျန်
တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ	၁၃၀၀၀၀ ကျပ်	၁၃၀၀၀၀ ကျပ်	-
ခရိုင်တရားရုံးများ	၃၇၀၇၅၀၀၀ ကျပ်	၃၇၃၇၅၀၀၀ ကျပ်	၁၈၄၀၅၀၀၀ ကျပ်
မြို့နယ်တရားရုံးများ	၄၀၂၁၅၃၅၅၀ ကျပ်	၄၀၂၁၃၇၅၅၀ ကျပ်	၁၆၄၄၀၀၀၀ ကျပ်

ဥပဒေ၊နည်းဥပဒေများရေးဆွဲဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ အရ တရားစီရင်ရေးကဏ္ဍပါ ကိစ္စရပ်များအတွက် ဥပဒေမူကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၁ ခုနှစ်အတွင်း ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့်စစ်မှန်ကြောင်းသက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန်လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ဥပဒေဆိုင်ရာအထောက်အကူပေးရေးနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေ၊ နည်းဥပဒေ၊ ပြင်ဆင်ခဲ့သည့်နည်းဥပဒေများစာရင်းကို **နောက်ဆက်တွဲ (၈)** တွင် ဖော်ပြထားပါသည်။

အသိပညာပေးလုပ်ငန်းများနှင့်ပွင့်လင်းမြင်သာမှုရှိရန်ဆောင်ရွက်မှုများ

တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များ၏ Website များလွှင့်တင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ အများပြည်သူ၏အသိအမြင်ကိုမြှင့်တင်ပေးရန်နှင့် ရှေ့နေရှေ့ရပ်၊ အမှုသည်၊ ဆက်စပ်အဖွဲ့အစည်းများ စသည့်

တရားရုံးအသုံးပြုသူများအပြင် တရားစီရင်ရေးဆိုင်ရာသတင်းအချက်အလက်များကို စိတ်ဝင်စားသည့် ပြည်သူများ လွယ်ကူစွာအသုံးပြုနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ Website များကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စတင်၍လွှင့်တင်ခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ် တရားလွှတ်တော်များ၏ Website အမည်များကို **နောက်ဆက်တွဲ (ည)**တွင် ဖော်ပြထားပါသည်။

၂၀၂၀ ပြည့်နှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပဉ္စမအကြိမ်မြောက်တရားရုံးနှစ်စဉ်အစီရင်ခံစာကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ထုတ်ဝေခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများအား ပြည်တွင်းပြည်ပမှအများပြည်သူသိရှိနိုင်ရန်၊ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊တရားရုံးများ၏လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တရားရုံးနှစ်စဉ်အစီရင်ခံစာအား ထုတ်ဝေလျက်ရှိပါသည်။



၂၀၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ထုတ်ဝေခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်ခဲ့သည့် စီရင်ချက်များအနက် ဥပဒေပြဿနာ၊ အကြောင်းခြင်းရာ ပြဿနာများနှင့်စပ်လျဉ်း၍ စံပြထိုက်သောစီရင်ချက်များကို မြန်မာနိုင်ငံတရားစီရင်ထုံးများအဖြစ် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးအား အစီရင်ခံသည့်နှစ်အတွင်း ထုတ်ဝေခဲ့ပါသည်။



တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း

ဒေသတွင်းတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမှတဆင့် ဥပဒေဆိုင်ရာအသိပညာဗဟုသုတများ ဖလှယ်နိုင်ရေးတို့အတွက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဒေသတွင်းနှင့် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားများသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အစီရင်ခံသည့်ကာလအတွင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်သည့် ပြည်ပညီလာခံ၊ သင်တန်း၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခမ်းအနား (၂၀) ခုသို့ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိစုစုပေါင်း (၁၃၁)ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ၊ တရားရုံးချုပ်ကကြီးမှူးခြင်း၍ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် (၁၁) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် (The 11th International Legal Forum of the Asia-Pacific Region) သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့ကာ 'အာရှနှင့်ပစိဖိတ်ဒေသတွင်း စီးပွားရေးအငြင်းပွားမှုများဖြေရှင်းခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (Economic Dispute Resolution Procedures in Asia-Pacific)' ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသော
(၁၁) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် တက်ရောက်စဉ်

ပြည်ထောင်စုတရားသူကြီးချုပ်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ တရားရုံးချုပ်ကကြီးမှူးခြင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် "(၉) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး (The 9th Meeting of the Council of ASEAN Chief Justices)" သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ပြည်ထောင်စုတရားသူကြီးချုပ်သည် အာဆီယံတရားသူကြီးချုပ်များကောင်စီ လုပ်ငန်းအဖွဲ့များက တင်သွင်းလာသည့် အစီရင်ခံစာများအပေါ် အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံတရားသူကြီးချုပ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်သည် အိန္ဒိယနိုင်ငံ၊ Lucknow မြို့ရှိ City Montessori School (CMS) Society က ကြီးမှူးခြင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် "(၂၂) ကြိမ်မြောက် တရားသူကြီးချုပ်များ အပြည်ပြည်ဆိုင်ရာညီလာခံ" (WEBINAR of the 22nd International Conference of Chief Justice of the World) သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ညီလာခံတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ နိုင်ငံခေါင်းဆောင်များနှင့်အတူ "Global Governance for a Sustainable World Order" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့သည့် ပြည်ပအစည်းအဝေး / ဆွေးနွေးပွဲများစာရင်းကို **နောက်ဆက်တွဲ (၄)** ဖြင့် ဖော်ပြထားပါသည်။



ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသော
"(၉) ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး" သို့တက်ရောက်စဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသော
"(၉) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး" တွင် အဖွင့်အမှာစကား ပြောကြားစဉ်





ပြည်ထောင်စုတရားလွှတ်တော်ချုပ်
တရားသူကြီးဦးမျိုးတင့်
ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသော
“(၂၂)ကြိမ်မြောက်
တရားသူကြီးချုပ်များ
အပြည်ပြည်ဆိုင်ရာညီလာခံ”
သို့တက်ရောက်စဉ်

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ စတုတ္ထနှစ်အစီအစဉ် (၂၀၂၁) ပါ မဟာဗျူဟာရည်မှန်းချက်များနှင့် မဟာဗျူဟာအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအဖွဲ့ (၄) ဖွဲ့ ဖွဲ့စည်း၍ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းအဖွဲ့ (၁) ‘ဥပဒေ ပြဋ္ဌာန်းရေးအတွက် အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့’ ၊ လုပ်ငန်းအဖွဲ့ (၂) ‘လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့’ ၊ လုပ်ငန်းအဖွဲ့ (၃) ‘စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာလုပ်ငန်းအဖွဲ့၊ လုပ်ငန်းအဖွဲ့ (၄) ‘တရားမမှုခင်းများတွင် တရားရုံးက ဦးဆောင် သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့’ များကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF) ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၊ အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း (USAID-PRLM) ၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) ၊ ဒိန်းမတ်-မြန်မာတရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအစီအစဉ် (DP) တို့နှင့် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာတရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် LexisNexis ဥပဒေရေးရာနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်း၊ အရှေ့တောင်အာရှဌာနခွဲကလည်း နည်းပညာအသုံးချရေးနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့တွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးသည် LexisNexis Southeast Asia က ကြီးမှူးကျင်းပသည့် Virtual Conference 2021 – Technology and Judiciaries: Logging onto Justice Rule of Law တွင် Panel အဖြစ် Former Chief Justice of Malaysia Tan Sri Richard Malanjum၊ Philippines Supreme Court မှ Court Administrator Jose Midas P.Marquez တို့နှင့်အတူ ပါဝင်ဆွေးနွေးခဲ့ပါသည်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး LexisNexis Southeast Asia က ကြီးမှူးကျင်းပသည့် Virtual Conference 2021– Technology and Judiciaries: Logging onto Justice Rule of Law တွင် Panel အဖြစ်ပါဝင်ဆောင်ရွက်စဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နိုင်ငံခြားအဖွဲ့အစည်းများအား အွန်လိုင်းမှလက်ခံတွေ့ဆုံမှုများကို **နောက်ဆက်တွဲ (၄)** တွင် ဖော်ပြထားပါသည်။

အပိုင်း (၃)

တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

၂၀၂၁ခုနှစ်မှုခင်းစစ်ဆေးစီရင်မှုတွင်တွေ့ရှိချက်များနှင့် ၂၀၂၂ ခုနှစ်တွင်ဆက်လက်ဆောင်ရွက်ရန်လျာထားချက်များ

၂၀၂၁ ခုနှစ် မှုခင်းစာရင်းများအရ တစ်နိုင်ငံလုံးရှိ တရားရုံးအဆင့်ဆင့်တွင် အမှုစွဲဆိုမှုများ နည်းပါးခဲ့ပြီး ယခင်နှစ်ထက်အမှုစွဲဆိုမှု ၆၅.၁၇ % လျော့နည်းခဲ့သည်ကိုတွေ့ရှိရပါသည်။ သို့ရာတွင် မှုခင်းများစစ်ဆေးပြီးပြတ်မှုမှာ ယခင်နှစ်ထက် ၁၆% ပိုမိုပြီးပြတ်အောင်စစ်ဆေးနိုင်ကြောင်းတွေ့ရှိရပြီး တစ်နိုင်ငံလုံးအမှုပြီးပြတ်မှုနှုန်း ၁၁၄% ထိရောက်အောင် စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈–၂၀၂၂)တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်းစုစုပေါင်း ၁၀၀% ထက် ကျော်လွန်ပြီးပြတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အမှုအမျိုးအစားအလိုက် စစ်ဆေးပြီးပြတ်မှုတွင် ရာဇဝတ်မှုနှင့်တရားမမှုများ နှစ်မျိုးစလုံး၏ စစ်ဆေးပြီးပြတ်မှုနှုန်းမှာလည်း ၁၁၄% စီ ရရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ်၏ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း မြင့်တက်လာရခြင်းမှာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းဖြစ်ပွားသည့်ကာလအတွင်း ၁၇-၇-၂၀၂၁ မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ကာလရှည်ရုံးပိတ်ခဲ့ခြင်းကြောင့် တရားရုံးသို့စွဲဆိုတင်ပို့သည့်အမှုအရေအတွက် လျော့နည်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ယခင်နှစ်လက်ကျန်မှုခင်းများအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ထားသည့် နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (***National Case Management Program–NCMP)*** ကို တိုးမြှင့်ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ မှုခင်းများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စစ်ဆေးခြင်း၊ ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့နိုင်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့သည့် ကြားနာစစ်ဆေးဆဲရာဇဝတ်မှုများကို ပိတ်သိမ်းရန်အမိန့်များအရ ပိတ်သိမ်းခဲ့သည့် အမှုများမှာ တစ်နိုင်ငံလုံး ပြီးပြတ်မှုများ၏ ၁၄.၂ % ရှိခြင်း ကြောင့်လည်းကောင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်လာနိုင်သည်နှင့်အမျှ တရားရုံးသို့စွဲဆိုတင်ပို့သောအမှုများကို မှန်မှန်နှင့်မြန်မြန် ပြီးပြတ်နိုင်စေရေးနှင့် တရားရုံးအသုံးပြုသူများ၏ ဝန်ထုပ်ဝန်ပိုးများကိုလည်း ပိုမိုလျော့ချပေးနိုင်ရေးတို့အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး (၁၀)ရုံး၊ မြို့နယ်တရားရုံး (၅၈) ရုံး တို့တွင် အပြီးသတ်အကောင်အထည်ဖော်နိုင်ရန်နှင့် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို နိုင်ငံတစ်ဝန်းတိုးချဲ့အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လျာထားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း တရားရုံးများတွင် အွန်လိုင်းမှ အမှုခေါ်စာရင်းများလွှင့်တင်ခြင်း၊ ဗီဒီယိုကွန်ဖရင့်ဖြင့်ကြားနာခြင်း၊ လျှောက်လဲတင်ပြခြင်း၊ စီရင်ချက်များချမှတ်နိုင်ခဲ့ခြင်းစသည့် နည်းပညာအသုံးပြုမှုများ ပိုမိုများပြားလာခြင်းကြောင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားစီရင်ရေးမဟာဗျူဟာရည်မှန်းချက်များနှင့်အညီ တရားရုံးနည်းပညာအသုံးပြုမှုများကို ၂၀၂၂ ခုနှစ်တွင် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ပါက ပြည်သူအများ တရားစီရင်

ရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေပြီး မှုခင်းများအား အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြီးပြတ်စေရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ရာဇဝတ်မှုနှင့်တရားမမှုခင်း စစ်ဆေးပြီးပြတ်မှုများ လျာထားချက်ပြည့်မီအောင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာစီမံကိန်းများ၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်များနှင့် အခြားနည်းဖြင့်မှုခင်းစစ်ဆေးခြင်းနည်းလမ်းများကို ဖော်ထုတ်အသုံးပြုလျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ တရားရုံးသို့စွဲဆိုတင်ပို့သည့် အမှုအရေအတွက်နှင့်ကိုက်ညီသည့် အမှုစစ်တရားသူကြီးနှင့် တရားရုံးဝန်ထမ်းအရေအတွက်တို့ ပြည့်မီအောင် ခန့်အပ်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် စာရင်းဇယားများအရ တရားသူကြီးဦးရေ (၆၉၆) ဦး လစ်လပ်လျက်ရှိပြီး၊ တရားရုံးဝန်ထမ်းဦးရေ (၃၁၉၁) ဦး လစ်လပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရားသူကြီးများပြုန်းတီးအင်အားနှင့်ကာမိစေရန် ဒုတိယမြို့နယ်တရားသူကြီး (၈၀) ဦးအား ရွေးချယ်ခန့်ထားနိုင်ခဲ့သော်လည်း တရားရေးအရာရှိ နှင့် တရားသူကြီးအရေအတွက်သည် ခွင့်ပြုဝန်ထမ်းအင်အား၏ သုံးပုံနှစ်ပုံသာရှိပြီး၊ တရားရုံးဝန်ထမ်းအရေအတွက်သည် ခွင့်ပြုဝန်ထမ်းအင်အား၏ ထက်ဝက်သာရှိသည်ကို တွေ့ရှိရပါသည်။ ပိုမိုကောင်းမွန်သည့်တရားစီရင်ရေးရေရှည်တည်တံ့နိုင်ရန်မှာ အခြားလိုအပ်ချက်များသာမက "ဝန်နှင့်အား" မျှတရန် အလွန်အရေးကြီးသည့်အတွက် တရားရေးအရာရှိ၊ တရားသူကြီးနှင့် တရားရုံးဝန်ထမ်းအရေအတွက် တို့ကို ခွင့်ပြုအင်အားပြည့်မီအောင်ခန့်အပ်နိုင်ပါက နှစ်စဉ်မှုခင်းစစ်ဆေးပြီးပြတ်ချက်များနှင့်တရားရုံးဝန်ဆောင်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ရှိ ရာထူးအဆင့်အလိုက် ဝန်ထမ်းအင်အားစာရင်းအသေးစိတ်ကို **နောက်ဆက်တွဲ (c)** တွင် ဖော်ပြထားပါသည်။

မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပါသည်။ တရားရုံး၏ဆောင်ရွက်ချက်များအား အများသိရှိနိုင်ရန်နှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းလျာထားသတ်မှတ်ချက်များ ပြည့်မီနိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုအတိုင်းအတာများကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများစစ်ဆေးစီရင်မှုအခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း၊ စစ်ဆေးဆဲအမှုများ၏သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အမှုစွဲဆိုမှုရာခိုင်နှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု၊ အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားခြင်း စသည့် စံနှုန်းများပေါ်မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့စွဲဆိုတင်ပို့သည့် မှုခင်းပမာဏကို အမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာစွမ်းရည်ကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။ *

**** အမှုပြီးပြတ်နှုန်းကိုတွက်ချက်ရာတွင် ပြက္ခဒိန်နှစ်အတွင်း တရားရုံးသို့စွဲဆိုတင်ပို့သောအမှုအရေအတွက်နှင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်သည် ယခင်နှစ်လက်ကျန်အမှုများနှင့် ယခုနှစ်အတွင်း စွဲဆိုတင်ပို့သောအမှုများမှ စစ်ဆေးဆုံးဖြတ်ခဲ့သည့် စုစုပေါင်းအမှုအရေအတွက် ဖြစ်ပါသည်။ နိုင်ငံတဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကျင့်သုံးသည့် တရားရုံးများ၏အမှုပြီးပြတ်မှုနှုန်းကိုလည်း အလားတူတွက်ချက်ထားပါသည်။***

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း


ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၁)** တွင် ဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စွဲဆိုလျှောက်ထားသည့်အမှုပေါင်း ၁၇၄၅ မှုရှိပြီး၊ ပြီးပြတ်မှုသည် ၂၅၄၉ မှု ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၆၃% ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရပါသည်။

ထိုသို့များပြားရခြင်းမှာ ၂၀၂၁ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ယခင်နှစ် လက်ကျန်အမှုများအား ပြီးပြတ်အောင်စစ်ဆေးစီရင်နိုင်ရေးအတွက် လျာထားဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဗီဒီယိုကွန်ဖရင့် အသုံးပြု၍ စီရင်ချက်ချမှတ်ခဲ့ခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု တတိယလှိုင်းကာလအတွင်း ကာလရှည်ရုံးပိတ်ရက်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှု နှင့် ပြင်ဆင်မှု တင်သွင်းခြင်းများ လျော့နည်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇယား (၁) ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
စွဲတင်	ရာဇဝတ်	၁၅၄၃	၂၀၀၁	၂၁၁၉	၁၄၈၃	၅၆၆
	တရားမ	၂၅၀၃	၂၀၅၀	၂၀၂၈	၂၁၆၁	၁၁၀၀
	စာချုန်	၂၉၈	၃၁၀	၄၁၈	၂၄၃	၀၂
	စုစုပေါင်း	**၄၃၄၄**	**၅၀၆၈**	**၅၂၆၅**	**၃၈၈၀**	**၁၀၄၅**
ပြီးပြတ်	ရာဇဝတ်	၁၃၂၂	၂၀၁၀	၂၃၉၃	၁၂၆၀	၁၀၅၁
	တရားမ	၂၂၁၄	၂၈၆၀	၃၂၀၁	၁၀၃၅	၁၄၉၀
	စာချုန်	၂၈၀	၃၃၃	၄၃၀	၂၂၉	၁
	စုစုပေါင်း	**၃၈၂၃**	**၅၂၀၃**	**၆၀၃၁**	**၃၂၃၁**	**၂၅၄၉**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၈၆%	၁၀၀%	၁၁၃%	၈၅%	၁၈၆%
	တရားမ	၈၈%	၁၀၄%	၁၁၀%	၈၀%	၁၃၅%
	စာချုန်	၉၆%	၁၀၅%	၁၀၅%	၉၄%	၁%*
	စုစုပေါင်း	**၈၈%**	**၁၀၃%**	**၁၁၅%**	**၈၃%**	**၁၄၆%**

** စာချုန်တော်လျှောက်ထားမှုများအပေါ် ပြီးပြတ်မှုရာခိုင်နှုန်း နည်းပါးရခြင်းမှာ နိုင်ငံတော်သမ္မတရုံး၏ ၁- ၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ တစ်နှစ်သတ်မှတ်ကြေညာထားသည့်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ စာချုန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ ပြည်ထောင်စုတရားစီရင် ရေးဥပဒေပုဒ်မ ၁၆(ခ) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချုန်တော်လျှောက်ထားမှုများနှင့် ကြားနာမှုများအား ရပ်ဆိုင်းထားရခြင်းကြောင့် ဖြစ်ပါသည်။*




ပုံ (၁) ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း နှိုင်းယှဉ်ချက်

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်းကို **ဇယား(၂)** တွင် ဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်တွင် တရားလွှတ်တော်များသို့ စွဲဆိုသည့်အမှုပေါင်း **၃၈၂၆** မှု ရှိပြီး ပြီးပြတ်မှုသည် **၇၈၁၀** မှု ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုပြီးပြတ်မှုနှုန်းသည် ယခင်နှစ်ထက် ၁၁၁% ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရပါသည်။

ဇယား (၂) ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း

အမှု	အမှုအမျိုးအစား	ခုနှစ်				
		၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
စွဲတင်	ရာဇဝတ်	၆၂၀၂	၇၃၈၁	၈၁၆၆	၆၀၅၄	၂၁၃၇
	တရားမ	၆၀၄၀	၆၀၇၆	၆၄၇၃	၅၄၇၇	၁၆၈၉
	စုစုပေါင်း	**၁၂၂၄၂**	**၁၃၄၅၇**	**၁၄၆၃၉**	**၁၁၅၃၁**	**၃၈၂၆**
ပြီးပြတ်	ရာဇဝတ်	၅၇၀၆	၇၀၇၃	၇၆၄၃	၅၇၁၈	၃၉၃၅
	တရားမ	၅၀၇၁	၅၁၆၁	၅၃၅၁	၄၉၈၆	၃၈၇၅
	စုစုပေါင်း	**၁၀၇၇၇**	**၁၂၂၄၄**	**၁၂၉၉၄**	**၁၀၇၀၄**	**၇၈၁၀**
အမှုပြီးပြတ်နှုန်း	ရာဇဝတ်	၉၂%	၉၆%	၉၄%	၉၄%	၁၈၄%
	တရားမ	၈၄%	၈၅%	၈၃%	၉၁%	၂၂၉%
	စုစုပေါင်း	**၈၈%**	**၉၁%**	**၈၉%**	**၉၃%**	**၂၀၄%**




ပုံ (၂) *၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များ၏ အမှုအမျိုးအစားအရ နှစ်အလိုက်အမှုပြီးပြတ်မှုနှုန်း*

၂၀၂၁ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ရာဇဝတ်မှုများနှင့် တရားမမှုများ၏ အမှုပြီးပြတ်နှုန်းများကို **ဇယား (၃)** တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အမှုပြီးပြတ်မှုနှုန်းမှာ ရာဇဝတ်မှုများတွင် ရန်ကုန်တိုင်းဒေသကြီးသည် အမှုပြီးပြတ်နှုန်းအမြင့်ဆုံးဖြစ်ပြီး တရားမမှုများတွင် ပဲခူးတိုင်းဒေသကြီးသည် အမှုပြီးပြတ်မှုနှုန်းအမြင့်ဆုံး ဖြစ်ပါသည်။

ဇယား (၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားလွှတ်တော်များ၏ ၂၀၂၁ ခုနှစ်အတွင်း စုစုပေါင်းအမှုပြီးပြတ်မှုနှုန်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရာဇဝတ်		တရားမ		အမှုပြီးပြတ်နှုန်း	
		စွဲတင်	ပြီးပြတ်	စွဲတင်	ပြီးပြတ်	ရာဇဝတ်	တရားမ
၁	ကချင်	၂၀၉	၂၀၄	၁၀၀	၁၀၃	၉၈%	၁၀၃%
၂	ကယား	၁၀	၁၃	၂	၆	၁၃၀%	၃၀၀%
၃	ကရင်	၁၆၂	၁၉၀	၆၉	၉၃	၁၁၇%	၁၃၅%
